ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ စနေနေ့၊ (5-3-2011) (ဖြေ၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး	✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ
အဖွဲ့ဝင် (၁၅)ဦးပါ လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်း

လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အခွင့်အရေးဆိုသည်မှာ အဆိုပါ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များအားလုံးနှင့် သက်ဆိုင်သည့်သဘောဖြစ်

နေပြည်တော် မတ် ၄

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ၎င်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၃)ဦးရှိသည့်အနက် (၄၃၁)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၅၄) ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် လွှတ်တော်ကော်မတီ လေးရပ်ထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းရေးကို ယနေ့ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၀ နှင့် ၂၂၊ နည်းဥပဒေ ၃၃ နှင့် ၅၄ တို့အရ လွှတ်တော်အခွင့်အရေးကော်မတီကို (၁၅) ဦးထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ယင်းသို့ဖွဲ့စည်းရာ၌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ရာထူးအလျောက် ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော်အခွင့်အရေးကော်မတီ၌ ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ်ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏

စာမျက်နှာ ၃ ကော်လံ ၁ သို့✱

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

The Mirror

၅-၃-၂၀၁၁
(စနေနေ့)

ဧရာဝတီတိုင်း လမ်းတံတားသစ်များ တိုးတက်စည်ပင်

သဘာဝသယံဇာတ ပေါများကြွယ်ဝခြင်း၊ ရေမြေရာသီဥတုကောင်းမွန်ခြင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ခြင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်ခြင်းတို့သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူမှုစီးပွား မြင့်မားရေးတို့အတွက် အခြေခံလိုအပ်ချက်များဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်တောင်ပိုင်းဒေသသည် မြစ်ချောင်းအင်းအိုင် ပေါများသည်။ မြေဆီ မြေနှစ်ကောင်းမွန်ပြီး သဘာဝသယံဇာတ ကြွယ်ဝသည်။ ဆန်စပါး၊ ပဲအမျိုးမျိုး၊ သား၊ ငါး၊ ဆားနှင့် ရေထွက်ကုန်ပစ္စည်းများစွာ ထုတ်လုပ်ပေးနေသော ဒေသဖြစ်သည်။ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံပြီး ဒေသတွင်းနိုင်ငံများ စားနပ်ရိက္ခာ ဖူလုံရေးကိုပင် အထောက်အကူပြုနိုင်နေပြီဖြစ်သည်။

ယခုအခါ တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို မြှင့်တင်ပေးလျက်ရှိသည်။ မော်တော်ကားလမ်းသစ်များ ဖောက်လုပ်ပြီး လမ်းဟောင်းအချို့ကို အဆင့်မြှင့်တင်ပေးခဲ့ရာ မြစ်ဝကျွန်းပေါ် လမ်းကွန်ရက်ကြီး ပေါ်ထွက်လာခဲ့ပေပြီ။ လမ်းသစ်များနှင့်အတူ တံတားသစ်များကိုလည်း ဆက်လက်တည်ဆောက် ဖွင့်လှစ်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်သွားလာမှု ပိုမိုလွယ်ကူလာနေပေပြီ။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပြီးစီးခဲ့သည့် ပုသိမ်မြို့နယ် ပုသိမ်-ချောင်းသာ လမ်းပေါ်ရှိ အရှည်ပေ ၃၆၀ ရှိသည့် ကျောက်ချောင်းကြီးတံတားကို ဖေဖော်ဝါရီ ၂၇ ရက်က ဖွင့်လှစ်လိုက်သည်။ သံကူကွန်ကရစ်တံတားအမျိုးအစား ယာဉ်နှစ်လမ်းသွား တံတားကြီးဖြစ်ပြီး ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ကျောက်ချောင်းကြီးတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် ၂၅၈ စင်းမြောက်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း တည်ဆောက်ဖွင့်လှစ်နိုင်သည့် ၅၄ စင်းမြောက် တံတားကြီးဖြစ်သည်။ အဆိုပါတံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးနိုင်သဖြင့် ရန်ကုန်မြို့မှ ချောင်းသာကမ်းခြေသို့ အပန်းဖြေအလွယ်တကူ သွားလာနိုင်ကြပြီ။ ဒေသထွက်ကုန်များ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင် ရောင်းဝယ်နိုင်ကြပေတော့မည်။

ယခုအခါ ဧရာဝတီတိုင်းဒေသတစ်ခွင်တွင် ရေကြောင်းလမ်းသာမက မော်တော်ကားလမ်း၊ မီးရထားလမ်းတို့ဖြင့် သွားလာနိုင်ကြပြီ။ အဓိကထွက်ကုန် ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ရေထွက်ကုန်ပစ္စည်းမျိုးစုံကို ဒေသအသီးသီးသို့ လျင်လျင်မြန်မြန် ပို့ဆောင်ရောင်းဝယ်လာနိုင်ကြပြီ။ လမ်းတံတားသစ်များ ဆက်လက်ပေါ်ထွက်လာမှုနှင့်အတူ မြစ်ဝကျွန်းပေါ်ဒေသ စီးပွားဖွံ့ဖြိုး ကုန်စည်ပို့ဆောင်သွားလာမှုများ မြန်ဆန်တိုးတက် ကောင်းမွန် ဝေစည်လာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မတ် ၄

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ် အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက မိမိတို့ခရိုင်အလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

တိုင်းမှူးသည် မတ် ၁ ရက် နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်၌ ကျင်းပသည့် ဆဋ္ဌအကြိမ် တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ရာ ဆရာတော်၊ သံဃာတော်များက ဩဝါဒကထာမြွက်ကြားတော်မူကြပြီး တိုင်းမှူးက သာသနာရေးဆိုင်ရာများလျှောက်ထားကာ သင်္ကန်းပရိက္ခရာများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

HOUSING & BUILDING 2011 ဖွင့်ပွဲတွင် ပြခန်းများကို တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

အိမ်ရာနှင့်အဆောက်အအုံပြပွဲ -၂၀၁၁ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၄

IEMS Company Limited သည် HOUSING & BUILDING 2011 (အိမ်ရာနှင့်အဆောက်အအုံပြပွဲ ၂၀၁၁) ဖွင့်ပွဲကို မတ် ၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲတွင် Shine Construction Co.,Ltd.Project Director ဦးဇော်နိုင်၊ IEMS COMPANY LIMITED မန်နေဂျင်းဒါရိုက်တာ ဦးသက်လွင်ရွှေနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပြပွဲတွင် Shine Group of Companies မှ အရစ်ကျငွေပေးချေမှု၊ အကျိုးတူပူးပေါင်း၍ ဆောင်ရွက်ခြင်းစနစ်များဖြင့် အိမ်ရာအရောင်းပြခန်းများ Kaung Myat Zaw Co.,Ltd. မှ ဗီယက်နမ်နိုင်ငံထုတ် Viglacera အမှတ်တံဆိပ် အိမ်တွင်းအလှဆင်ပစ္စည်းများနှင့် အိမ်အမိုးပြားအမျိုးမျိုး၊ Hi Cool မှ လွယ်ကူစွာရွှေ့ပြောင်းနိုင်သော Office Cabin များ၊ Solarise System မှ Solar နှင့် ပတ်သက်သောနည်းပညာများ၊ Cotto Sanitary Ware များ၊ Home Plus မှ အိမ်တွင်းအလှဆင်ပစ္စည်း အမျိုးမျိုး၊ United Asia Co.,Ltd. မှ Aux တံဆိပ် Aircon များ၊ Chris Ho Company မှ Gree Aircon များ၊ Myat Kan Moe၊ ELBA၊ Crown Electronics၊ Fudak JBS Electronic၊ Toshiba Kyaw Win တို့မှ အိမ်တွင်းသုံး လျှပ်စစ်ပစ္စည်းများ၊ KMD မှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Timberland၊ Lin Win၊ Gold Coil၊ Osim၊ စိန်နှင့်မြ၊ Ocean Glory၊ ရွှေပင်ငွေပင်တို့မှ ခေတ်မီ အိမ်သုံး၊ ရုံးသုံး၊ ဆန်းသစ်သော ပရိဘောဂများနှင့် မီးခံသေတ္တာများ၊ Rinnai မှ နောက်ဆုံးပေါ် Gas Stove အမျိုးမျိုး၊ Allways မှ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး၊ Ever Live မှ Nahm တံဆိပ် ရေချိုးခန်းသုံး ပစ္စည်းအမျိုးမျိုး၊ MNZ မှ နောက်ဆုံးပေါ် ငွေရေစက်များ၊ Caribbian တံဆိပ်ရေသန့်စက်များ၊ Sin Pauk Trading Co.,Ltd.၊ Uniteak၊ Parami Trading Co.,Ltd.၊ Maruart တို့မှ Vinyl ကြမ်းခင်းအမျိုးမျိုးနှင့် တံခါးအမျိုးမျိုး၊ K-Company မှ မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ Yadanar Moe မှ Air Freshener အမျိုးမျိုး၊ The One PE Tank မှ ကိုရီးယားနိုင်ငံထုတ် ရေတိုင်ကီအမျိုးမျိုး၊ United Lighting မှ အိမ်တွင်းအလှဆင်မီးဆိုင်းအမျိုးမျိုး၊ Chint မှ မီးသတ်ဆေးဘူးအမျိုးမျိုး၊ Classic Cable မှ ဝါယာကြိုးအမျိုးမျိုး၊ Tractor King မှ Generator နှင့် Machinery များ၊ Yangon Directory Co.,Ltd. မှ ရန်ကုန်လမ်းညွှန် (၂၀၁၁) စာအုပ်များကို လုပ်ငန်းလိပ်စာကတ်ရှိသူမည်သူမဆို အခမဲ့ထုတ်ယူဖြန့်ဝေခြင်း၊ ငွေကြယ်စင်မှ မော်တော်ယာဉ် အသစ်အဆန်း အမျိုးမျိုးအပြင် လူသုံးကုန်ပစ္စည်းအမျိုးမျိုးခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲကို မတ် ၃ ရက်မှ ၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း လာရောက် ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အမှတ် (၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးက ကြီးမှူးကျင်းပသည့် စုပေါင်းရှင်ပြုပွဲအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်က တာမွေမြို့နယ် ပညာရေးမှူးရုံးခန်းမ၌ ကျင်းပရာ လှူဒါန်းငွေ စုစုပေါင်းငွေကျပ် တစ်သိန်းငါးသောင်းကို တာမွေမြို့နယ် ပညာရေးမှူး ဒေါ်ရီရီစိန် လက်ခံစဉ်။ (ကြေးမုံ)

အထက(၅) မင်္ဂလာတောင်ညွန့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် မတ် ၄

အထက(၅) မင်္ဂလာတောင်ညွန့်၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၂၀ ရက် (အမျိုးသားနေ့)တွင် ကျင်းပမည်ဖြစ်ပြီး ယင်းရက်မတိုင်မီ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ကြိုတင်တွေ့ဆုံပွဲကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့က ဖိတ်ကြားထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ ထောက်ပံ့ပေးသော အသက်(၇၅)နှစ်ပြည့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ အဖွဲ့ဝင်သားသမီးများအား ပညာရေးထောက်ပံ့ငွေ ပေးအပ်ပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရကျောင်းသူတစ်ဦးအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်စဉ်။ (၅၀၆)

မိတ္ထီလာ အထက(၄) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်မည်

မိတ္ထီလာ မတ် ၄

မိတ္ထီလာမြို့ အထက(၄) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အသက်(၆၀) ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ဒုတိယအကြိမ် ပူဇော်ကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို မတ် ၂၆ ရက်တွင် အဆိုပါကျောင်း သဇင်ဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးမောင်မောင်မြင့် (မန်နေဂျင်းဒါရိုက်တာ၊ ကောင်းမြတ်လုပ်ငန်းစုလီမိတက်၊ ရန်ကုန်) ဖုန်း-၀၉-၅၀၀၀၁၉၉၊ ဒေါ်မြင့်မြင့်ဌေး (ကျောင်းအုပ်ဆရာမကြီး၊ အထက-၄) ဖုန်း-၀၆၄-၂၃၅၄၈၊ ဦးမြင့်သိန်း ဖုန်း-၀၆၄-၂၃၈၄၆၊ ဒေါ်တင်တင်ဝင်း ဖုန်း-၀၆၄-၂၄၃၂၂၊ ဦးယုမြိုင် (မိတ္ထီလာ၊ မောင်မောင်မြင့် ဓာတ်ပုံတိုက်)၊ ဦးအေးဖေ ဖုန်း-၀၉-၄၇၁၀၉၄၀၄၊ ဒေါ်အမာစိန် (လ/ထ ကထိက၊ မကွေးတက္ကသိုလ်) ဖုန်း-၀၉-၄၉၂၆၇၂၉၈၊ ဦးလှမိုး ဖုန်း-၀၉-၆၁၀၇၁၁၉၊ ၀၉-၄၉၂၆၇၁၀၁၊ ဦးဇေယျာအုန်း ဖုန်း-၀၉-၅၄၁၅၂၂၆၊ ဒေါ်ရင်ရင်စိန် (အထက-၄)ဖုန်း-၀၉-၄၇၁၀၃၁၉၂ နှင့် ဒေါ်လှဲ့လှဲ့ဝင်း (အထက-၁) ဖုန်း-၀၆၄-၂၃၀၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ပြွန်တန်ဆာအသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၄

ပြွန်တန်ဆာအသင်း (ရန်ကုန်)၏ ၂၀၁၀ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉နာရီတွင် ဒဂုံမြို့နယ် မဟာဝိဇယစေတီတော်အနီး ပို့ဆောင်ရေးဝန်ကြီးဌာန မွှောရုံ၌ ကျင်းပရာ အသက်(၇၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး အလှူရှင်များကို ဂုဏ်ပြုလွှာများ ပေးအပ်ကာ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှ ငါးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် နှစ်ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် သုံးဦးတို့အား ပညာရည်ချွန်ဆုများကို အသင်းနာယကများနှင့် အမှုဆောင်များက ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

(ကြေးမုံ)

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်း လွှတ်တော် အခွင့်အရေး ကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

※ **ရှေ့ဖုံးမှ**

အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူဖွဲ့စည်းရမည်ဟု သတ်မှတ်ထားပါကြောင်း။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၈(က)တွင် "လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အခွင့်အရေးကို ဖောက်ဖျက်ကျူးလွန်ရာရောက်သည့် ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြနိုင်သည်"ဟု ပြဋ္ဌာန်းသတ်မှတ်ထားပါကြောင်း၊ အဆိုပါသတ်မှတ်ချက်နှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းသော် လည်းကောင်း၊ လွှတ်တော်ကော်မတီတစ်ရပ်အနေနှင့်သော်လည်းကောင်း၊ လွှတ်တော် တစ်ခုလုံးအနေနှင့်သော်လည်းကောင်း တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များရှိကြပါကြောင်း၊ နည်းဥပဒေ ၅၈(က)တွင် ပါရှိသည့် လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အခွင့်အရေးဆိုသည်မှာ အဆိုပါ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များအားလုံးနှင့် သက်ဆိုင်သည့် သဘောဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ဖောက်ဖျက်ကျူးလွန်မှုများနှင့်စပ်လျဉ်းပြီး စိစစ်ဆောင်ရွက်နိုင်ရန် လွှတ်တော်အခွင့်အရေးကော်မတီကို ဖွဲ့စည်းခြင်းဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၆ အရ လွှတ်တော်အခွင့်အရေးကော်မတီ၏ သက်တမ်းသည် လွှတ်တော်၏သက်တမ်းအတိုင်းဖြစ်ကြောင်း ပြဋ္ဌာန်းထားသော်လည်း ကော်မတီဝင်များကိုမူ သက်တမ်းတစ်နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

ယနေ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ရာထူးအလျောက် ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည့် လွှတ်တော်အခွင့်အရေးကော်မတီကို ဖွဲ့စည်းခြင်းနှင့် တစ်ဆက်တည်းမှာပင် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ နှင့်အညီ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကိုလည်း လွှတ်တော်က သတ်မှတ်ပေးရမည်ဖြစ်သည့်အတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

သိရှိအတည်ပြုပေးနိုင်ရန် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဆက်လက်ရှင်းလင်းတင်ပြမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်များမှာ -

(၁) ကော်မတီသည် -
  (က) မိမိထံ လွှဲအပ်သော ကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာ စစ်ဆေးဆောင်ရွက်ရမည်-
    (၁) ကော်မတီသို့ လွှဲအပ်သော ကိစ္စများနှင့်စပ်လျဉ်းသည့် အချက်များကို အခြေပြု၍ ပြည်သူ့လွှတ်တော်၏ အခွင့်အရေးကို ဖောက်ဖျက်ရာရောက် မရောက် စဉ်းစားဆုံးဖြတ်ခြင်း၊
    (၂) မည်သို့သောကိစ္စ၊ မည်သို့သော အချက်များမှ စတင်၍ အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံ ဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊
    (၃) ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က မည်ကဲ့သို့ အရေးယူသင့်ကြောင်းကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။
  (ခ) အပိုဒ်ခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် အကြံပေးချက်များကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်က မည်သည့်နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြရမည်။
  (ဂ) ပြည်သူ့လွှတ်တော်က ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာ လွှတ်တော်များနှင့် ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ပါက ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်သည်။

(၂) သာမန်အားဖြင့် အထက်ဖော်ပြပါ တာဝန်များအရ ကော်မတီကစိစစ်ရာတွင် -
  (က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။
  (ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပို၍ ဆွေးနွေးခွင့်ရှိသည်။

(၃) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော် လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော် လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ ပြည်သူ့လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်ဟူ၍ ဖြစ်သည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ -

(၁) ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၆၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(၂) ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ -
  (က) ကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော် လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။
  (ခ) ကော်မတီသို့ လွှဲအပ်သော အခွင့်အရေးကိစ္စတစ်ရပ်ကို စဉ်းစားဆုံးဖြတ်ရန် ကော်မတီက အခါအားလျော်စွာ စည်းဝေး၍ အစီရင်ခံစာကို သတ်မှတ်သောနေ့တွင် ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။ ပြည်သူ့လွှတ်တော်က အစီရင်ခံစာ တင်ပြရမည့်ရက်ကို သတ်မှတ်ခြင်း မပြုလျှင် ပြည်သူ့လွှတ်တော်က မိမိထံ အခွင့်အရေးကိစ္စတစ်ရပ် လွှဲအပ်သောနေ့မှ တစ်လအတွင်း ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာတင်ပြရမည်။
  (ဂ) ကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။
  (ဃ) ကော်မတီသည် သတ်မှတ်ရက်အတွင်း အပြီးသတ်အစီရင်ခံစာ တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာတင်ပြရမည်။

(၃) ကော်မတီသည် မိမိ၏အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် -
  (က) လိုအပ်သည့်ပုဂ္ဂိုလ်များကို ဆင့်ခေါ်၍ စုံစမ်းမေးမြန်းနိုင်သည်။ စာရွက်စာတမ်းများ၊ မှတ်တမ်းများကိုလည်း ဖော်ပြစေရန် ဆင့်ခေါ်နိုင်သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သက်သေ ထွက်ချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် သက်ဆိုင်သည် မသက်ဆိုင်သည် ပြဿနာပေါ်ပေါက်လာပါက အဆိုပါပြဿနာကို အဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးကို ဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာ ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ပြည်ထောင်စုအစိုးရက စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။
  (ခ) ကော်မတီရှေ့၌ သက်သေခံရန်ဖြစ်စေ၊ စာရွက်စာတမ်း၊ မှတ်တမ်းများတင်ပြရန်ဖြစ်စေ လိုအပ်သောအခါ သက်ဆိုင်သူအား စာဖြင့်ဆင့်ဆိုရမည်။ ကော်မတီ၏ရှေ့၌ ထွက်ဆိုသော သက်သေထွက်ဆိုချက် သို့မဟုတ် သက်သေခံတင်ပြသော စာရွက်စာတမ်း၊ မှတ်တမ်းကို လျှို့ဝှက်ထားသင့်၊ မသင့် ကော်မတီက ဆုံးဖြတ်နိုင်သည်။
  (ဂ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(၄) ကော်မတီအစည်းအဝေးများ ကျင်းပရာတွင် ဥပဒေအကြံဉာဏ်များရယူရန် လိုအပ်လျှင် ကော်မတီသည် ပြည်ထောင်စုရှေ့နေချုပ်ကို ဖိတ်ကြားတက်ရောက်စေရမည်။

(၅) ကော်မတီကတင်ပြသော အစီရင်ခံစာနှင့်စပ်လျဉ်း၍ -
  (က) ကော်မတီ၏ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌကသော် လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌ မရှိလျှင် ကော်မတီအတွင်းရေးမှူးကသော် လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို စဉ်းစားဆွေးနွေးရန် အဆိုတင်သွင်းရမည်။
  (ခ) အထက်အပိုဒ်ခွဲ (က)အရ တင်သွင်းသော အဆိုကို ပြည်သူ့လွှတ်တော်က စဉ်းစားဆွေးနွေးပြီးသောအခါ ယင်းအဆို တင်သွင်းသူကပင် အစီရင်ခံစာကို ပြည်သူ့လွှတ်တော်က လက်ခံအတည်ပြုရန် အဆိုတင်သွင်းရမည်။

(၆) ကော်မတီဝင်များသည် -
  (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။
  (ခ) ပြည်သူ့လွှတ်တော်၏ လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည်။
  (ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ -

(၁) ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(၂) ကော်မတီဝင်များသည် -
  (က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။
  (ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။
  (ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ယင်းနောက် လွှတ်တော်အခွင့်အရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းရန် လျာထားသူများစာရင်းကို ကြေညာပြီး အဖွဲ့ဝင်အဖြစ်ပါဝင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်းရန် အစည်းအဝေးကို ခေတ္တရပ်နားသည်။

အမည်စာရင်းတင်ပြ

ထို့နောက် အစည်းအဝေးကို ပြန်လည်စတင်ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၃၃ နှင့် ၅၄ တို့အရ လွှတ်တော်အခွင့်အရေးကော်မတီကို ၁၅ ဦးထက်မပိုသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် လွှတ်တော်အခွင့်အရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့**

❍ စာမျက်နှာ ၃ မှ

ယနေ့တင်ပြသည့် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်များမှာ -

(၁)	ဦးနန္ဒကျော်စွာ	ဒဂုံမဲဆန္ဒနယ်
(၂)	ဦးနယ်(လ်)ဆင် (ခ) ဦးဆောင်ဆီ	ကျောက်မဲ မဲဆန္ဒနယ်
(၃)	ဒေါ်မိမြင့်သန်း	ရေး မဲဆန္ဒနယ်
(၄)	ဒေါက်တာသန်းဝင်း	မြောက်ဥက္ကလာပမဲဆန္ဒနယ်
(၅)	ဦးစောသိန်းအောင်	လှိုင်းဘွဲ့မဲဆန္ဒနယ်
(၆)	ဦးအေးဖေ	ကိုကိုးကျွန်းမဲဆန္ဒနယ်
(၇)	ဒေါက်တာစိုးရင်	ကမာရွတ်မဲဆန္ဒနယ်
(၈)	ဦးလှမြင့်ဦး	ပျဉ်းမနားမဲဆန္ဒနယ်
(၉)	ဦးမင်းဆွေ	ဒိုက်ဦးမဲဆန္ဒနယ်
(၁၀)	ဦးသိန်းလွင်	ချောက် မဲဆန္ဒနယ်
(၁၁)	ဒေါက်တာစံလှိုင်	တောင်ကုတ်မဲဆန္ဒနယ်
(၁၂)	ဦးပိုက်ထွေး	ကံမမဲဆန္ဒနယ်
(၁၃)	ဦးတင်မောင်ဦး	ရွှေပြည်သာမဲဆန္ဒနယ်
(၁၄)	ဦးမြင့်စိုး	ပျော်ဘွယ်မဲဆန္ဒနယ်
(၁၅)	ဒေါ်နန်းနွံ	ရှားတောမဲဆန္ဒနယ် တို့ဖြစ်ကြပြီး

ကော်မတီဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦးအားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုသည့်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မတ်လ ၇ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၃-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၂၅	၆။	မျိုးချစ်တပ်မတော်
၇း၃၀	၇။	မြန်မာ့ရှုခင်း
၇း၄၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၃။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၄။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀	၃။	နိုင်ငံတော်သီချင်း
၁၁း၁၅	၄။	အဖွင့်သီချင်း
၁၁း၂၀	၅။	မျိုးချစ်တပ်မတော်
၁၁း၂၅	၆။	ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၃၅)
၁၂း၀၀	၇။	**ရုပ်မြင်သံကြားဇာတ်လမ်း -အချစ်ကံစမ်းပွဲ (ပြေတီဦး၊ နဝရတ်၊ပြည့်ဖူးခိုင်) [ဒါရိုက်တာ- ကိုဇော်(အရုဏ်ဦး)]**
၁း၃၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၂း၀၀	၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၄၆)**
၂း၅၅	၁၀။	အပိတ်နှုတ်ဆက်စကား
၃း၀၀	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၇	၃။	နိုင်ငံတော်သီချင်း
၄း၁၃	၄။	အဖွင့်သီချင်း
၄း၁၅	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၃	၇။	မြန်မာသံစဉ်
၄း၃၀	၈။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၄း၄၀	၉။	ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၅၀	၁၀။	ကုန်သွယ်သုတ
၄း၅၅	၁၁။	မီးသတိပေးနှိုးဆော်ချက်
၅း၁၀	၁၂။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀	၁၃။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၅။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၆။	စားဖို့ဆောင်ချစ်သူ
၆း၅၀	၁၇။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၁၅)**
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	လူ့ရှင်တော်စတား
	၂၄။	လျှပ်တစ်ပြက်
	၂၅။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျဉ်းပြိုင်များ (အပိုင်း-၁၃)**
	၂၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၃၃)**
	၂၈။	သင့်အတွက်မနက်ဖြန်
	၂၉။	အပိတ်နှုတ်ဆက်စကား
	၃၀။	ပြီးပါပြီ။

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီအစည်းအဝေး (၁/၂၀၁၁) ကျင်းပ

နေပြည်တော် မတ် ၄

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီအစည်းဝေး (၁/၂၀၁၁)ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် အဆိုပါတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဗဟိုသင်တန်းသားရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ တက္ကသိုလ်ကောင်စီဝင်များ ဖြစ်ကြသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညီညီစံ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ပါမောက္ခချုပ် ဦးဇော်မင်းသိန်းနှင့် တက္ကသိုလ်ကောင်စီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဗဟိုသင်တန်းသားရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ တက္ကသိုလ်၏ လေ့ကျင့်သင်ကြားရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြပြီး ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။

ထို့နောက် တက္ကသိုလ်ကောင်စီဒုတိယဥက္ကဋ္ဌ ဗဟိုသင်တန်းသားရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက နိဂုံးချုပ်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Housing & Building ပြပွဲတွင် ရွှေပင်ငွေပင် ဦးသန်းထွန်း မြန်မာ့လက်မှု အနုပညာပြခန်း ပါဝင်ပြသစဉ်။

(သတင်းစဉ်)

ရွှေပင်ငွေပင် ဦးသန်းထွန်း၏ မြန်မာ့လက်မှု အနုပညာပြခန်း Housing & Building 2011 ပြပွဲတွင်ပါဝင်ပြသ

ရန်ကုန် မတ် ၄

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Housing & Building ပြပွဲကို မတ် ၃ ရက်မှ ၆ ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ ရွှေပင်ငွေပင် ဦးသန်းထွန်း မြန်မာ့လက်မှု အနုပညာပြခန်းလည်းပါဝင်ပြသသည်။

အဆိုပါပြခန်းတွင် ဟိုတယ်၊ မိုတယ်၊ ဘဏ်၊ သာသနာ့ဗိမာန်တော်နှင့် ဘုန်းတော်ကြီးကျောင်း အဆောက်အအုံများ၊ ဧည့်ခန်းမဆောင်များ၊ နေအိမ်များ၌ ထားရှိရန်အတွက် အဆင့်မြင့်သစ်ထွင်း ခန်းဆီးလိုက်ကာနှင့် လှမျိုးစုံ ပန်းပု၊ ပန်းချီကားများကို ပန်းချီ၊ ပန်းပုပညာရှင်ကြီးများ၏ ထူးခြားပြောင်မြောက်သော မြန်မာ့လက်ရာမွန်များကို ယခင်ပြပွဲများနှင့်မတူ ရွှေပင်ငွေပင်ဦးသန်းထွန်း ကုမ္ပဏီက တီထွင်ထုတ်လုပ်ပြသရာ သစ်ထွင်းပန်းချီကားများတွင် ပုဂံခေတ်ဟန်၊ ကိန္နရီမောင်နှံ၊ တောတွင်းအလှ၊ ဆင်မိသားစု၊ ရှင်လောင်းလှည့်ပွဲနှင့် အင်းလေးအလှစသည်ဖြင့် အနုပညာပုံသဏ္ဌာန်မျိုးစုံ ပါဝင်ပြသထားသည်။ သစ်ထွင်းပန်းချီကား၊ သစ်ထွင်းလိုက်ကာနှင့် သစ်သားခန်းဆီးတို့ကိုလည်း အနုပညာလက်ရာ ပြောင်မြောက်စွာ ပြသထားသည်။

ပြပွဲကာလအတွင်း ဝယ်ယူသူများအား အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ရွှေပင်ငွေပင် ဦးသန်းထွန်း၏ မြန်မာ့လက်မှု ပညာလက်ရာများကို ဆက်သွယ်မှာယူလိုပါက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်း (၅၃လမ်းနှင့် ၅၄လမ်းကြား) အမှတ် (၁၆၆) ဖုန်း-၀၁-၂၉၂၁၉၂နှင့် ၀၁-၃၉၉၈၈၄တို့သို့မှာယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တစ်ဖက်နိုင်ငံ၌ အလုပ်ကောင်းရမည်၊ တစ်ဖက်နိုင်ငံသားနှင့်လက်ထပ်ပါက ချမ်းသာမည်ဟု စည်းရုံးပြောဆိုကာ လူကုန်ကူးသူ အမျိုးသမီးတစ်ဦး လားရှိုးမြို့၌ဖမ်းဆီးရမိ

နေပြည်တော် မတ် ၄

လားရှိုးလူကုန်ကူးမှု ကာကွယ်ရေး အထူးအဖွဲ့မှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် လားရှိုးမြို့ရှိ တည်းခိုခန်းတစ်ခု၌ ပင်လုံမြို့နေ မငယ်ဘေး(ခ)မနန်းကွေ့ခမ်းအား ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ၄င်းသည် ပင်လုံမြို့နေ အမျိုးသမီးငယ်နှစ်ဦးအား တစ်ဖက်နိုင်ငံ၌ အလုပ်ကောင်းရမည်၊ တစ်ဖက်နိုင်ငံသားနှင့် လက်ထပ်ပါက ချမ်းသာမည်ဟု စည်းရုံးပြောဆိုကာ ခရီးစရိတ်ပေး၍ ခေါ်ဆောင်ခဲ့ကြောင်း သိရှိရသဖြင့် အမျိုးသမီးငယ်နှစ်ဦးအား ဆွေးနွေးပညာပေး၍ မိဘရပ်ထံပြန်လည်ပို့ဆောင်ခဲ့ပြီး မငယ်ဘေး (ခ) မနန်းကွေ့ခမ်းအား ပင်လုံရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

လူကုန်ကူးသူများသည် တစ်ဖက်နိုင်ငံ၌ လုပ်ခကောင်းကောင်းရမည်၊ တစ်ဖက်နိုင်ငံသားနှင့်လက်ထပ်ပါက ချမ်းသာမည်၊ အဆင်ပြေမည်စသည်ဖြင့် မစားရဝခမန်း စည်းရုံးပြောဆိုပြီး တစ်ဖက်နိုင်ငံသို့ရောက်လျှင် ခြိမ်းခြောက်ကာ ရောင်းစားကြကြောင်း၊ လူကုန်ကူးသူများသည် တစ်ဖို့တည်းသာကြည့်သည့် လူမဆန်သူများဖြစ်ကြောင်း၊ မိန်းကလေးများနားမယောင်မိဖို့ အရေးကြီးကြောင်း၊ လူကုန်ကူးသူများကို နှောင်ကြဉ်စေရန် ပြတ်ပြတ်သားသားအရေးယူရမည်ဖြစ်ကြောင်း စသည်ဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မန္တလေးမြို့ (၈၅)လမ်းနေ ဦးမောင်ကြီး-ဒေါ်စိန်တင် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ သံဃာကုဋီခန်းတစ်ခန်းနှင့် ရေချိုးခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(သတင်းစဉ်)



◆ ကျောဖုံးမှ

ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ထားသော ဒေါ်ချိုနွယ်ဦးအစား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်မောင်လေးအား အစားထိုးရွေးချယ် တာဝန်ပေးအပ်မည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။ အမျိုးသားလွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့ငွေစာရင်းကော်မတီတွင် ဦးခင်မောင်လေးအား အဖွဲ့ဝင်အဖြစ် အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

အစီအစဉ်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃ နှင့် ၅၄ တို့အရ လွှတ်တော်အခွင့်အရေးကော်မတီကို ၁၅ ဦးထက် မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မည့် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်၌တင်ပြပြီး အတည်ပြုချက် ရယူဖွဲ့စည်းရမည်ဖြစ်ကြောင်း။

ဖွဲ့စည်းခြင်းနှင့်တစ်ဆက်တည်းမှာပင် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် နည်းဥပဒေ ၃၄ အရ ကော်မတီ၏အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများကိုလည်း လွှတ်တော်က သတ်မှတ်ပေးရန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းရန်လျာထားပါကြောင်း၊ ကော်မတီဝင်များ၏ သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး လွှတ်တော်ကသတ်မှတ်ပေးမည့် လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်များမှာ -

(၁) ကော်မတီသည် -

(က) မိမိထံလွှဲအပ်သော ကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာ စစ်ဆေးဆောင်ရွက်ရမည် -

(၁) ကော်မတီသို့လွှဲအပ်သော ကိစ္စများနှင့်စပ်လျဉ်းသည့် အချက်များကို အခြေပြု၍ အမျိုးသားလွှတ်တော်၏ အခွင့်အရေးကို ဖောက်ဖျက်ရာရောက် မရောက် စဉ်းစားဆုံးဖြတ်ခြင်း၊

(၂) မည်သို့သောကိစ္စ၊ မည်သို့သော အချက်များမှ စတင်၍ အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံ ဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

(၃) ယင်းကိစ္စနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က မည်ကဲ့သို့ အရေးယူသင့်ကြောင်းကို အမျိုးသားလွှတ်တော်သို့ အစီရင်ခံ တင်ပြခြင်း။

(ခ) အပိုဒ်ခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် အကြံပေးချက်များကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော်က မည်သည့်နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြရမည်။

(ဂ) အမျိုးသားလွှတ်တော်က ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာ လွှတ်တော်များနှင့် ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ပါက အမျိုးသားလွှတ်တော်သို့ တင်ပြနိုင်သည်။

(၂) သာမန်အားဖြင့် အထက်ဖော်ပြပါ တာဝန်များအရ ကော်မတီက စိစစ်ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်း တို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

(၃) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီ အစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ အမျိုးသားလွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်ဟူ၍ဖြစ်သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် လွှတ်တော်အခွင့်အရေး ကော်မတီ ဖွဲ့စည်းရေးနှင့် စပ် လျဉ်း ၍ ရှင်း လင်း ပြောကြားစဉ်။
(သတင်းစဉ်)

ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ -

(၁) ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၆၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(၂) (က) ကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အမျိုးသားလွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီသို့ လွှဲအပ်သော အခွင့်အရေးကိစ္စတစ်ရပ်ကို စဉ်းစားဆုံးဖြတ်ရန် ကော်မတီက အခါအားလျော်စွာ စည်းဝေး၍ အစီရင်ခံစာကို သတ်မှတ်သောနေ့တွင် အမျိုးသားလွှတ်တော်သို့ တင်ပြရမည်။ အမျိုးသားလွှတ်တော်က အစီရင်ခံစာတင်ပြရမည့်ရက်ကို သတ်မှတ်ခြင်းမပြုလျှင် အမျိုးသားလွှတ်တော်က မိမိထံ အခွင့်အရေးကိစ္စတစ်ရပ် လွှဲအပ်သောနေ့မှ တစ်လအတွင်း အမျိုးသားလွှတ်တော်သို့ အစီရင်ခံစာတင်ပြရမည်။

(ဂ) ကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဃ) ကော်မတီသည် သတ်မှတ်ရက်အတွင်း အပြီးသတ်အစီရင်ခံစာ တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။

(၃) ကော်မတီသည် မိမိ၏အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် -

(က) လိုအပ်သည့်ပုဂ္ဂိုလ်များကို ဆင့်ခေါ်၍ စုံစမ်းမေးမြန်းနိုင်သည်။ စာရွက်စာတမ်းများ၊ မှတ်တမ်းများကိုလည်း ဖော်ပြစေရန် ဆင့်ခေါ်နိုင်သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သက်သေထွက်ချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် သက်ဆိုင်သည် မသက်ဆိုင်သည် ပြဿနာပေါ်ပေါက်လာပါက အဆိုပါပြဿနာကို အဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကို ဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ပြည်ထောင်စုအစိုးရက စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

(ခ) ကော်မတီရှေ့၌ သက်သေခံရန်ဖြစ်စေ၊ စာရွက်စာတမ်း၊ မှတ်တမ်းများ တင်ပြရန်ဖြစ်စေ လိုအပ်သောအခါ သက်ဆိုင်သူအား စာဖြင့်ဆင့်ဆိုရမည်။ ကော်မတီ၏ရှေ့၌ ထွက်ဆိုသော သက်သေထွက်ဆိုချက် သို့မဟုတ် သက်သေခံတင်ပြသော စာရွက်စာတမ်း၊ မှတ်တမ်းကို လျှို့ဝှက်ထားသင့် မသင့် ကော်မတီက ဆုံးဖြတ်နိုင်သည်။

(ဂ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(၄) ကော်မတီအစည်းအဝေးများ ကျင်းပရာတွင် ဥပဒေအကြံဉာဏ်များ ရယူရန် လိုအပ်လျှင် ကော်မတီသည် ပြည်ထောင်စုရှေ့နေချုပ်ကို ဖိတ်ကြား တက်ရောက်စေရမည်။

(၅) (က) ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို စဉ်းစားဆွေးနွေးရန် အဆိုတင်သွင်းရမည်။

(ခ) အထက်အပိုဒ်ခွဲ (က)အရ တင်သွင်းသောအဆိုကို အမျိုးသားလွှတ်တော်က စဉ်းစားဆွေးနွေးပြီးသောအခါ ယင်းအဆို တင်သွင်းသူကပင် အစီရင်ခံစာကို အမျိုးသားလွှတ်တော်က လက်ခံအတည်ပြုရန် အဆိုတင်သွင်းရမည်။

(၆) ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) အမျိုးသားလွှတ်တော်၏ လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည် ဟူ၍ဖြစ်သည်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ -

(၁) ကော်မတီဝင်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(၂) ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ၾငင်းနောက် လွှတ်တော်အခွင့်အရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းရန် လျာထားသူများစာရင်းကို ကြေညာပြီး အဖွဲ့ဝင်အဖြစ် ပါဝင်မည့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် အစည်းအဝေးကို ခေတ္တရပ်နားသည်။

၎င်းနောက် အစည်းအဝေးကို ပြန်လည်စတင်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၃၃ နှင့် ၅၄ တို့အရ လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ယနေ့တင်ပြသည့် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်များမှာ -

(၁)	ဦးမြညိမ်း	ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)
(၂)	ဦးဂျေယောဝူ	ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)
(၃)	ဦးဘိုးရယ်	ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)
(၄)	ဦးစောတော်ပလဲ	ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)
(၅)	ဦးဝေ့ယိန်း	ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)
(၆)	ဦးနိုင်ထွန်းအုံ	မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)
(၇)	ဦးမြတ်ကို	စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)
(၈)	ဦးတင်မောင်မြင့်	တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)
(၉)	ဦးရဲမြင့်	ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)
(၁၀)	ဦးအောင်ငြိမ်း	မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)
(၁၁)	ဦးဝင်းမောင်	မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)
(၁၂)	ဦးညွန့်တင်	ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)
(၁၃)	ဦးနု	ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)
(၁၄)	ဦးကျော်ကျော်	ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)
(၁၅)	ဦးနေဝင်းထွန်း	ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

တို့ဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်းအား ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳

✻ စာမျက်နှာ ၅ မှ

မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်းအား အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

အတည်ပြု

၎င်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုသည့်အတွက် အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မတ်လ ၇ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၃-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။ နံနက်ခင်းသတင်း
၇း၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	၇။ ကဗျာပန်းဥယျာဉ်
၈း၁၅	၈။ အကပြိုင်ပွဲ
၈း၂၅	၉။ "နှောင်းနောင်တ"
၈း၃၀	၁၀။ (၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	၁၁။ International News
၈း၄၅	၁၂။ တေးဂီတအစီအစဉ်
၉း၀၀	၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။ စစ်သည်တေး
၁၁း၁၀	၂။ တေးဂီတအစီအစဉ်
၁၁း၂၅	၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀	၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၅၀	၅။ Yan Can Cook
၁း၁၀	၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၂၁)**
၂း၁၀	၇။ "မဟော်သဓာ"(အပိုင်း-၂၁) (ဖိုးသောကြာ၊ နဒီဝင့်နိုင်) (ဒါရိုက်တာ-စန္ဒရားသန်းဇော်)
၂း၄၅	၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၅၀	၉။ International News
၃း၀၀	၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅	၂။ တေးဂီတအစီအစဉ်
၄း၁၅	၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၂၅	၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၄း၃၅	၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၄း၅၅	၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၇။ (၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၁၀	၈။ International Science News
၅း၂၅	၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀	၁၀။ ညနေခင်းသတင်း
၆း၁၅	၁၁။ မိုးလေဝသအခြေအနေ
၆း၂၀	၁၂။ အလှုရှာမယ်လှုကမ္ဘာဝယ်
၆း၃၅	၁၃။ ယဉ်တစ်ကိုယ်မယ်
၇း၀၀	၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၂၇)**
၈း၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၁၀၄)**
	၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကွန်ဖူးချစ်သူ" (အပိုင်း-၁၁)**
	၂၀။ ဂီတတံခါးလေးဖွင့်ပါဦး
	၂၁။ အစီအစဉ်ပြီး၏။

ဆုချီးမြှင့်

သယ်န်းကျွန်းမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ တတိယတန်း ပထမဆုရ မောင်နေမင်းထွန်းအား ကျောင်းအုပ်ဆရာကြီး ဦးသန်းမော် ဆုချီးမြှင့်စဉ်။ (ပညာရေး)

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့ရများအား အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၄

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အလယ်တန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲနှင့် ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၄၂)မှ ဘွဲ့ရရှိသူများအား အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဦးငွေးလွင်က အလယ်တန်း ဆရာအတတ်သင်တန်း အမှတ်စဉ်(၂၀)နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက အလယ်တန်း ဆရာအတတ်သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ် ပေးအပ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်များက ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၄၂) ဘွဲ့ရများအား အလုပ်ခန့်အပ်လွှာများကို ပေးအပ်သည်။

ထို့နောက် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက အလယ်တန်း ဆရာအတတ်သင်တန်းအမှတ်စဉ်(၂၀)ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ကာ သင်တန်းဆင်း အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်း စာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၄

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များ ပေါ်ထွန်းရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် "ထွန်းဖောင်ဒေးရှင်း စာပေဆု" ကို ၂၀၀၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများရွေးချယ်ချီးမြှင့်နိုင်ရန် စာအုပ်/စာမူများကို နှစ်စဉ်ဖိတ်ခေါ်ခဲ့ရာ ပဉ္စမအကြိမ် ၂၀၀၉ ခုနှစ်အတွက် ဆုများချီးမြှင့်ရန် ရွေးချယ်ထားသည့် စာအုပ်/စာမူစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

စိစစ်ရွေးချယ်

ထွန်းဖောင်ဒေးရှင်းစာပေဆုတွင် စာအုပ်ဆုနှင့် စာမူဆုဟူ၍ သတ်မှတ်ထားပြီး စာအုပ်ဆုအတွက် ၂၀၀၉ ခုနှစ်အတွင်း ထုတ်ဝေသောစာအုပ်များနှင့် စာမူရှင်များက ပေးပို့လာသော ပြိုင်ပွဲဝင်စာမူများကို ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီက စိစစ်ရွေးချယ်ခဲ့သည်။

၁၇ ဆု

ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုနှင့် စာအုပ်/စာမူဆုများမှာ ဘာသာရပ်(၁၁) မျိုးဖြစ်ပြီး တစ်မျိုးစီအတွက် မြန်မာဘာသာ(စာအုပ်/စာမူ)၊ အင်္ဂလိပ်ဘာသာ(စာအုပ်/စာမူ)ဟူ၍ ဆုလေးမျိုးစီ သတ်မှတ်ထားသည်။ ၂၀၀၉ ခုနှစ်အတွက် ချီးမြှင့်မည့် ထွန်းဖောင်ဒေးရှင်းစာပေဆုများမှာ တစ်သက်တာစာပေဆုနှင့် မြန်မာစာအုပ်ဆု ရှစ်ဆုနှင့် မြန်မာစာမူဆု ခြောက်ဆု၊ အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ဆု တစ်ဆုနှင့် စာမူဆု တစ်ဆု စုစုပေါင်း ၁၇ ဆုဖြစ်သည်။

၂၀၀၉ ခုနှစ် ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရှင်အဖြစ် **စာရေးဆရာကြီး ဦးလှမြိုင်(ကိုဆောင်း)** အား ဂုဏ်ပြုရွေးချယ်ချီးမြှင့်သည်။

မြန်မာစာအုပ်ဆုတွင် စီးပွားရေး၌ **မောင်လှသောင်း(ဘဏ်)**၏ ဘဏ်လုပ်ငန်းဆိုင်ရာ အထင်ကရစီရင်ထုံး ဥပဒေ၊ ပြဋ္ဌာန်းဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လိမ်လည်မှုများ၊ ကျန်းမာရေး၌ **ဒေါက်တာမြင့်ဦး (ဂျီပီ)**၏ **အခြေခံသမားကျင့်ဝတ်နှင့် ဆေးပညာကျင့်ဝတ်ဆိုင်ရာဆောင်းပါးများ**၊ အတ္ထုပ္ပတ္တိ၌ **ထွန်းဦးတင်၏ သံတမန်တစ်ဦး၏ မှတ်တမ်း**၊ ရည်ညွှန်းကျမ်း၌ **မောင်ရေအေး(ဟားဗတ်တက္ကသိုလ်)၏ ပို့ကုန်သွင်းကုန် လုပ်ငန်းအသုံးအနှုန်းများ**၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၌ **ကျော်ဦး၏ ဥတုရာသီ ပြောင်းခဲ့ပြီ**၊ ယဉ်ကျေးမှု၌ **ပီကင်းပြန်ဝင်းကို(အင်း၀)၏ မြန်မာ့ရိုးရာ ခြင်းလုံး အားကစားအကြောင်း သိကောင်းစရာနှင့် လွယ်ကူမှန်ကန်သည့် ခြင်းလုံးခတ် လေ့ကျင့်နည်းများ**၊ ရှေးဟောင်းကျမ်း၌ **ထွန်းရီ(ရှေးဟောင်းသုတေသီ)၏ ကုန်းဘောင်ခေတ်ဘုရင်များ မုဒ္ဒါဘိသိက်ခံယူပုံ (စာပေါင်းချုပ်)**၊ စာပဒေသာ၌ ပြည့်စုံ(သွေးသောက်)၏ **ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန့်လက်အောက်ရောက်ခဲ့စဉ်** တို့က ရရှိကြသည်။ အင်္ဂလိပ်စာအုပ်ဆုတွင် စီးပွားရေး၌ မြတ်သိန်း၏ **Money Matters Essays on Money and Banking** က ရရှိသည်။

မြန်မာစာမူဆုတွင် စီးပွားရေး၌ **ကိုမော်(အောင်သမာဓိ)**၏ ရွှေအကြောင်း သိကောင်းစရာများ၊ ကလေးစာပေ၌ **မြေလတ်မောင်မြင့်သူ၏ အလှကိုယ်စီပန်းလိုသီ ကလေးကဗျာများ၊** သမိုင်း၌ **မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)၏ ပဲခူး (ဟံသာဝတီ) တစ်ခွင်မှာလေ့လာစရာ၊** ယဉ်ကျေးမှု၌ **ရန်ကုန်ဒွေးဇော်၏ ရသစုံလင်အမြင့်သဘင်**၊ ရှေးဟောင်းကျမ်း၌ **ဒေါက်တာရီရီခင်၏ ယိုးဒယားနိုင်မော်ကွန်း(လက်ဝဲနော်ရထာ)**၊ စာပဒေသာ၌ **စိန်သွေး၏ ခေတ်ဟောင်းတေးနှင့် အောက်မေ့ဖွယ်** နှင့် အင်္ဂလိပ်စာမူဆုတွင် **သမိုင်း၌ Myint Aung ၏ Revealing Myanmar's Past; An Anthology of Archaeological Articales** တို့က ရရှိကြသည်။

တစ်သက်တာစာပေဆုနှင့် စာအုပ်ဆုများအတွက် ထွန်းဖောင်ဒေးရှင်း၏ ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေကို ပူးတွဲချီးမြှင့်ပြီး စာမူဆုများအတွက် ငွေသားဆုကိုသာ ချီးမြှင့်မည်ဖြစ်သည်။

ထွန်းဖောင်ဒေးရှင်း စာပေဆုပေးပွဲကို မတ်လအတွင်း မြန်မာနိုင်ငံ ဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပရန်လျာထားပြီး ဆုချီးမြှင့်သည့် အခမ်းအနားကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ ဆုရရှိကြသူများသည် ရန်ကုန်မြို့ အမှတ်(၅၃/၆၁) သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ ဖုန်း-၀၁-၂၉၆၃၂၅၊ ၀၉-၇၃၁၀၄၄၈၇ တို့သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်း ပေးပို့ကြရန်ဖြစ်သည်။

၂၀၁၀ ခုနှစ်တွင် ထုတ်ဝေသည့် စာအုပ်များနှင့် မိမိကိုယ်တိုင် ရေးသားပြုစုထားသော စာမူများကို တင်သွင်းယှဉ်ပြိုင်လိုသော စာပေပညာရှင်များသည် ယနေ့မှစ၍ စက်တင်ဘာ ၃၀ ရက်အတွင်း အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာမေးပွဲကို ဘယ်လိုဖြေကြမှာလဲ

အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးလှကျော်

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြရတော့မည်။ မတ် ၇ ရက်နေ့တွင် စဖြေရတော့မည်။ စာမေးပွဲဖြေရတော့မည်ဟူသောအသိက ကျောင်းသားများအတွက် စိတ်လှုပ်ရှားမှု ဖြစ်ရပေသည်။ တက္ကသိုလ်ဝင်စာမေးပွဲသည်ကား အခြေခံပညာရေး၏ နောက်ဆုံးတန်းဖြစ်၍ အလွန်အရေးကြီးလှပါသည်။ တစ်နှစ်တည်းနှင့် အောင်မြင်အောင် ဖြေဆိုနိုင်ရပါမည်။ မိဘ၊ ဆရာများကလည်း ထိုစာမေးပွဲကို အောင်မြင်စေလိုကြပါသည်။

ပညာရေးဝန်ကြီးဌာနကလည်း ပညာရည်တိုးတက်မြင့်မားရေး အထူးသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိပါသည်။

စာမေးပွဲဟူသည်

စာမေးပွဲဆိုသောအသံကို ကြားလိုက်ရသည့် စာတော်သူ၊ စာကျက်သူ၊ ကျောင်းမှန်မှန်တက်သူတို့အဖို့ကား ယခုပင် စာမေးပွဲကို ဖြေလိုက်မည်ဟု ဝင့်ဝင့်ကြွားကြွားရှိကြမည် ဖြစ်သော်လည်း စာညံ့သူ၊ ကျောင်းပျက်သူများအဖို့ကား ကြောက်ဒူးတုန်ကာ ရင်ခုန်နေကြလေမည်။

အမှန်ဆိုရသော် စာမေးပွဲဆိုသည်ကား ရိုးရိုးရှင်းရှင်း အဓိပ္ပာယ်ဖွင့်ရပါမူ စာကိုမေးသော ပွဲပင်ဖြစ်ပါသည်။ ဘာစာတွေကိုမေးမှာလဲ၊ အထူးမေးစရာမလို။ တစ်နှစ်ပတ်လုံး သင်ခဲ့သော ပြဋ္ဌာန်းထားသောစာများကိုပဲမေးမည် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် စာရသူအဖို့လွယ်သကဲ့သို့ စာမရသူအဖို့ခက်ပေမည်။ ထို့ပြင် စာများရနေပြီဖြစ်သော်လည်း ထိုစာများမှ မေးခွန်းကိုမှန်ကန်တိကျစွာ ဖြေနိုင်ဖို့လိုပေသေးသည်။ အနာနှင့်ဆေးတည့်အောင်ပေးမှ ပျောက်ရေးမခက်သကဲ့သို့ အမေးနှင့်အဖြေတည့်အောင် ရေးလိုက်ပါမှ အောင်ရေးမခက်ဖြစ်ကြပါမည်။ အရေးကြီးသည်မှာ ပြဋ္ဌာန်းထားသော စာထဲမှ မေးသည်ဆိုသော်လည်း စာမေးသူက မေးခွန်းမေးသည့်အခါ ဉာဏ်ကွန့်၍ လှည့်ပတ်မေးတတ်ပါသည်။ သင်ခန်းစာများကို ထုံးလိုခြေ၊ ရေလိုနှောက်နိုင်အောင် ကျေကျေညက်ညက် လေ့လာထားသူများအဖို့ အခက်အခဲမရှိနိုင်ပါ။ တစ်ဖန်စာကို ကြောင်ပုစွန်စား၊ ကျွတ်ကျွတ်ဝါးအောင် သိထားသူအဖို့ မည်မျှခက်ခဲ၍ သမားဂုဏ်မြောက်အောင် မေးထားစေကာမူ အလွယ်တကူဖြေဆိုနိုင်ပါမည်။ မေးခွန်းများ ဖြေရာတွင် မေးသောအချက်ကို သိအောင်ကြိုးစားရန်လိုပါသည်။ စာမကျေညက်သူများသည် မေးခွန်း၏လိုရင်းကို မစဉ်းစားမိဘဲ၊ လေးနက်စွာမစဉ်းစားဘဲ ရောက်တတ်ရာရာ ရမ်းသန်းဖြေက မမှန်နိုင်ပါ။

မေးခွန်းရပါက မေးခွန်းဖတ်ဖို့ အချိန်ပေးသင့်ပါသည်။ ဖတ်ပြီးလျှင် မည်သည့်အချက်အလက်များအား ဖြေရမည်ကို စဉ်းစားရန် အချိန်ပေးရပါမည်။ မေးခွန်းဖတ်ပြီးပါက အဖြေစဉ်းစားရန် အထူးအရေးကြီးပါသည်။ မေးခွန်းရသည်နှင့် ဖုတ်ပူမီးတိုက် မစဉ်းစားဘဲ မဖြေသင့်ပါ။ မေးခွန်းကို သေချာစွာ ဖတ်ပြီးမှ ဖြေပါက မလွဲနိုင်ပါ။ ဖြေရမည့်မေးခွန်းပေးထားသည့် အချိန်ထက်လည်း ကျော်လွန်၍ မဖြေသင့်ပါ။

တစ်ပုဒ်ကို မိနစ် ၃၀ အချိန်ရသည်ဆိုလျှင် ၂၅ မိနစ်နှင့်ပြီးအောင် ဖြေပြီး ၂ မိနစ် ပြန်လည်စစ်ဆေးပါ။ အဖြေထိုးဖို့လည်း မမေ့ပါနှင့်။ ဉာဏ်ကွန့်၍ ဉာဏ်စမ်းမေးတတ်သော ရူပဗေဒဘာသာရပ်၊ သင်္ချာဘာသာရပ်များကို အထူးဂရုပြု၍ ဖြေပါ။ တွက်ချက်ရသော ပုစ္ဆာတိုင်းမှ ကိန်းဂဏန်းများကို အထူးသတိထား၍ ကူးရေးပါ။ ကိန်းဂဏန်းများ အရေးမှား၍ အဖြေမထွက်သောပုစ္ဆာများ ရှိတတ်ပါသည်။ အထူးဂရုပြုရန်မှာ ပုဒ်ရေနှင့် အံကိုက်မေးထားသော နှစ်ခါထပ်တွက်ရသော ပုစ္ဆာကို ထပ်မံတွက်ရန် မကြိုးစားဘဲ အခြားရနိုင်သော ပုစ္ဆာများကိုသာ တွက်သင့်ပါသည်။ မေးခွန်းပုဒ်ရေကို စေ့အောင်ဖြေပါ။ ခြောက်ပုဒ်ဖြေရမည်ကို ငါးပုဒ်သာဖြေလိုက်ပါက တစ်ပုဒ်အတွက် အမှတ်လျော့သွားပါမည်။ တွက်ချက်ရာတွင်လည်း ကိန်းဂဏန်းများကို ရှင်းလင်းစွာရေးပါ။ အလွန်သေးသော စာလုံးများ၊ ပူးကပ်နေသော စာကြောင်းများ၊ ရှုပ်ထွေးနေသော စာကြောင်းများကိုရှောင်ပါ။ အမြင်ရှင်း၍ သပ်ရပ်သော စာလုံးများဖြင့်သာ ဖြေပါ။ လှပရန်မလိုပါ။ ပီသရှင်းလင်းရန်သာ လိုပါသည်။

အထူးသဖြင့် သင်္ချာ၊ ရူပဗေဒဖြေဆိုရမည့် ရက်မတိုင်မီ ညလုံးပေါက် တွက်ချက်ခြင်းမပြုလုပ်ပါနှင့်။ ဦးနှောက်နှင့် စဉ်းစားရ၍ စာဖြေချိန်တွင် ဦးနှောက်ကြည်လင်ရန်လိုပါသည်။ ထိုညများတွင် စောစောအိပ်၍ စောစောထပြီး မှတ်စရာများကို မှတ်ပါ။ အနည်းဆုံး ၇ နာရီခန့် အိပ်ရေးဝအောင်အိပ်မှ ဦးနှောက်ရှင်လန်းမည် ဖြစ်ပါသည်။

စာမေးပွဲမဖြေမီနှင့် ဖြေနေစဉ်အတွင်း ကျန်းမာရေးကို ဂရုစိုက်ရမည်။ သို့မဟုတ်ပါက စာမေးပွဲနီးမှ ဆေးရုံတွင် ဖြေရသူများရှိပါသည်။

စာဖြေခန်းသို့သွားရန်စီစဉ်ခြင်း

စာဖြေသူသည် နံနက် ၉ နာရီ ဖြေရမည်ဖြစ်၍ နာရီဝက်စောပြီး စာဖြေခန်းသို့ ရောက်ရမည်။ အိမ်နှင့်စာစစ်ဌာန အကွာအဝေးကို ချင့်ချိန်၍ ဝေးပါက ၁ နာရီခန့် ကြိုထွက်ရပါမည်။ လမ်းတွင် ကားများ ပိတ်နေခြင်းကြောင့် စောင့်ရခြင်း၊ ကား၏စက်ချွတ်ယွင်းမှုရှိနိုင်၍ ကြိုတင်သွားရခြင်းဖြစ်သည်။

စာဖြေဌာနသို့သွားလျှင် ဖြေခွင့်ကတ်ပြားနှင့် စာရေးကိရိယာ အစုံအလင် (ဘောပင်အနည်းဆုံး လေးချောင်းခန့်) အဆင်သင့်ဖြစ်စေရန် ညထဲက စီစဉ်ထားရပါမည်။ နံနက်သွားခါနီးမှ ရှာဖွေနေရလျှင် စိတ်သောက ရောက်ပါမည်။ စာဖြေခန်းသို့ရောက်သော် မိမိဖြေရမည့်အခန်း ရှာဖွေပါ။ ပထမခေါင်းလောင်းထိုးသည်နှင့် အဆင်သင့်ဖြစ်နေရပါမည်။ **အရေးကြီးသည်မှာ ဖြေဆိုခွင့်ကတ်ပြားကို မမေ့ရန်ဖြစ်ပါသည်။** မေ့ကျန်ခဲ့ပါက ဖြေဆိုခွင့်ရမည်မဟုတ်ပါ။ အိမ်ပြန်၍ ယူရမည် ဆိုသော်လည်း နာရီဝက်အတွင်း မဖြစ်နိုင်ပါ။ စာမေးပွဲဖြေဆိုရမည့်အချိန်သည် ၉ နာရီအစား ၉ နာရီခွဲမှ ဖြေခွင့်ရပါမည်။ သို့ပါ၍ ဖြေဆိုခွင့်ကတ်ပြားမမေ့ရန် အထူးသတိပြုပါ။ စာမေးပွဲဖြေဆိုသွားစဉ် တောက်ပသစ်လွင်သော အဝတ်အစားများဝတ်ရန်မလိုပါ၊ ကျောင်းစိမ်းဝတ်စုံသာ ဝတ်ဆင်ပါ။ အင်္ကျီကို ကျပ်ကျပ်တည်းတည်း မဝတ်ပါနှင့်၊ ချောင်ချောင်ချိချိနှင့် လက်တို ကွေးသာဆန့်သာအောင်ဝတ်ပါ။ စာဖြေစဉ် စိတ်အနှောင့်အယှက်ဖြစ်စေမည့် အင်္ကျီများ၊ ဘောင်းဘီကျပ်များ ဝတ်မသွားပါနှင့်။ စာဖြေသွားစဉ် အစားအသောက်ကို မဝလွန်း၊ မဆာလွန်း အသင့်အတင့် စားသွားရပါမည်။ သင့်တင့်မျှတစွာ စားသွားရန်ဖြစ်သည်။

စာဖြေစဉ်ဂရုပြုရန်အချက်များ

အဖြေလွှာပေါ်ရှိ စာရွက်တိုင်း၌ မိမိခုံနံပါတ်ကို မှန်ကန်ပီသစွာရေးပါ။ လက်ထောက်ကြီးကြပ်ရေးမှူးက ဖတ်ပြသော စည်းကမ်းကို နားထောင်ပါ။ စည်းကမ်းကိုလိုက်နာရန် အရေးကြီးပါသည်။ စာဖြေစဉ်တွင် အခြားတစ်ဖက်မှ စာဖြေသူက အကူအညီတောင်းပါက မပေးပါနှင့်၊ အကူအညီပေးမိပါက မိမိပါ အရေးယူခြင်းခံရပါမည်။ မိမိကိုယ်တိုင်ကလည်း မသမာသောနည်းဖြင့် မဖြေပါနှင့်။ မသမာသောနည်းဖြင့် ဖြေဆိုပါက စာဖြေခွင့်ကို (၁)နှစ်သို့မဟုတ် (၂)နှစ်ထိ ပိတ်ပင်ခြင်းခံရပါမည်။ ကျောင်း၏ ဂုဏ်သိက္ခာလည်း ထိခိုက်စေပါသည်။

မိမိဖြေဆိုရသော စားပွဲခုံနှင့် ကုလားထိုင်သည် လှုပ်နေပါက ကြီးကြပ်ရေးမှူးကို အသိပေးပြီး လဲလှယ်ခွင့်ရှိပါသည်။ တစ်ခါတစ်ရံ မိမိဖြေနေသော စားပွဲခုံပေါ်သို့ နေထိုးသဖြင့် စာရေး၍မရအောင် ဖြစ်နေပါကလည်း တင်ပြနိုင်ခွင့်ရှိပါသည်။ အကယ်၍ စာရွက်အပိုတောင်းပါက ထိုစာရွက်ကို အဖြေစာအုပ်နှင့်အတူ ပင်အပ်နှင့်သေချာစွာတွဲရန် အရေးကြီးပါသည်။ အချို့ဆရာများသည် ထိုကိစ္စကို အကူအညီပေးတတ်ပါသည်။ အပိုစာရွက်ကို မတွဲမိပါက ထိုစာရွက်ကို မစစ်ဆေးရ၍ အမှတ်လျော့ပေမည်။ စာစစ်သူများကိုယ်တွေ့ဖြစ်၍ အထူးဂရုပြုပါ။ စာဖြေနေချိန်တစ်ပတ်အတွင်း အအိပ်အနေအထိုင် စားသောက်ရေး စသည်ဖြင့် ကျန်းမာရေးကို အထူးဂရုပြုရန် လိုအပ်ပါသည်။ အစားအသောက်မမှားရန်၊ အအိပ်မပျက်ရန် ဖြစ်ပြီး ခန္ဓာကိုယ်နှင့် စိတ်ကြည်လင်စေရန် အထူးဂရုစိုက်ရပါမည်။

အချုပ်ဆိုရသော် မိမိဖြေဆိုရမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်စိတ်ဖြင့် ကောင်းမွန်စွာဖြေဆိုပါက အောင်ရမည်မလွဲပါ။ အထူးကြိုးစားဖြေဆိုပါက ဂုဏ်ထူးများ ပင်ရနိုင်ပါသည်။ စာသင်သားများသည် တစ်နှစ်ပတ်လုံး ထဲထဲဝင်ဝင် သေချာစွာ ကြိုးစားခဲ့ခြင်းများကို စိတ်အေးအေး၊ သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့ဖြေဆိုသွားပါက အောင်ရမည်ဖြစ်ကြောင်း စိတ်နှလုံးသွင်းစေလိုပါသည်။ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုသူ ချစ်တပည့်များ အောင်ပန်း ဆင်နိုင်ကြပါစေဟု မေတ္တာရှေ့ထား ဆုတောင်းအပ်ပါ သတည်း။ ။

မိမိဖြေဆိုရမည့် တက္ကသိုလ်ဝင် စာမေးပွဲကို အောင်စိတ်ဖြင့် ကောင်းမွန်စွာ ဖြေဆိုပါက အောင်ရမည်မလွဲပါ။ အထူး ကြိုးစားဖြေဆိုပါက ဂုဏ်ထူး များပင်ရနိုင်ပါသည်။ စာသင်သား များသည် တစ်နှစ်ပတ်လုံး ထဲထဲ ဝင်ဝင် သေချာစွာ ကြိုးစားခဲ့ခြင်း များကို စိတ်အေးအေး၊ သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့ ဖြေဆိုသွားပါက အောင်ရ မည်ဖြစ်ကြောင်း စိတ်နှလုံးသွင်း စေလို။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း နေပြည်တော်ရှိ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းနှင့် နေပြည်တော်ခရိုင် လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများသို့ ရောက်ရှိပြီး တာဝန်ရှိ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ တက္ကသိုလ်ဝင်စာမေးပွဲကို စည်းကမ်းစနစ်ကျနစွာဖြင့် အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးနှင့် စာမေးပွဲဖြေဆိုသူများ စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေးတို့အတွက် လိုအပ်သည်များ မှာကြားကာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထွက်ခွာ

ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ အစိုးရ မဟာဗျူဟာလေ့လာရေးဌာန၏ ဖိတ်ကြားချက်အရ ရန်ကုန်မီဒီယာဂရုပ် ဥက္ကဋ္ဌ ဦးကိုကို(ကိုကိုစက်မှုတက္ကသိုလ်) ခေါင်းဆောင်သော အဖွဲ့ဝင် နှစ်ဦးပါ မြန်မာပုဂ္ဂလိက သတင်းမီဒီယာအဖွဲ့ ပါကစ္စတန်နိုင်ငံ၌ ခြောက်ရက်ကြာ လေ့လာရေးခရီး သွားရောက်ရန် မတ် ၁ ရက်က လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာ သွားကြစဉ်။

(သတင်းစဉ်)

ဈေးများ မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်

နေပြည်တော် မတ် ၄

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် ဈေးများမီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၈ ရက်က ပျဉ်းမနားမြို့ ယုဇနဈေးကြီး၌ ကျင်းပရာ နေပြည်တော် မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူး ရဲကျော်သူရဲသူရဦးသန်းကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်ခင်မောင်ရီနှင့် ဈေးမိဈေးဖများ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးက ဆွေးနွေးမှာကြားသည်။ ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးဝန်ထမ်းများပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်လေ့ကျင့် ဆောင်ရွက်ကြကြောင်း သိရသည်။

(အပေါ်ယာပုံ) (ကြေးမုံ)

မသန်စွမ်းသူများအတွက် ဘောလုံးပွဲကျင်းပမည်

ရန်ကုန် မတ် ၄

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ မသန်စွမ်းသူများအတွက် ရန်ပုံငွေ ဘောလုံးပွဲအဖြစ် သရုပ်ဆောင်များဖြင့် ဖွဲ့စည်းထားသော Actor Star ဘောလုံးအသင်းနှင့် ရတနာပုံဘောလုံးအသင်းတို့ မတ် ၂၀ရက်တွင် မန္တလေးမြို့ ဗထူးအားကစားကွင်းတွင် ကျင်းပမည်ဖြစ်ပြီး အကြိုတွေ့ဆုံပွဲ အခမ်းအနားကို မတ် ၆ရက်နံနက် ၉ နာရီတွင် မန္တလေးမြို့ ၃၃လမ်း (၆၇ × ၆၈)လမ်းရှိ အထက်မြန်မာပြည် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)ရုံးတွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနား တက်ရောက်လိုသူများနှင့် ပါဝင်လှူဒါန်းလိုသူများသည် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ရုံးခန်း အမှတ် (၇၉၇) အခန်း၁၀၄(ဘီ) ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်) မြန်မာ့အလှတာဝါ(၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၂၂၉၂၃၊ ၂၂၉၀၈၇၊ ၂၁၅၉၃၉၊ ၉၉၆၈၁၆၉၃၂ နှင့် ၀၉ ၅၀၃၄၄၀၄သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

လုပ်သားပြည်သူ ဝိုင်းဝန်းကူ
ရန်သူမီးဘေး စဉ်ကင်းဝေး

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီရှစ်ခုတို့အကြား ပစ္စည်းဝယ်ယူရေးစာချုပ် ချုပ်ဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော်   မတ်   ၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီရှစ်ခုဖြစ်သော Central China Power Grid International Economic & Trade Co.,Ltd.၊ Alliance Global Technologies Pte.,Ltd.၊ United National Oil & Gas Pte.,Ltd.၊ Supplier Global Pte.,Ltd.၊ Gunkul Engineering Public Co.,Ltd.၊ Baron Machinery & Engineering Pte.,Ltd.၊ Global Quality & Management Pte.,Ltd.နှင့် Royal GK Pte.,Ltd တို့အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို မတ် ၃ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ရှေ့နေချုပ် ဦးအေးမောင်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ကုမ္ပဏီရှစ်ခုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး ကုမ္ပဏီများကိုယ်စား Global Quality & Management Pte.,Ltd., Managing Director ဒေါ်သန္တာနေဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးနှင့် ကုမ္ပဏီရှစ်ခုတို့မှ အုပ်ချုပ်မှု ဒါရိုက်တာများက ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းများဖြစ်သော မင်းလှ ပင်မဓာတ်အားခွဲရုံ အဝင်/အထွက် ဓာတ်အားလိုင်း၊ သပြေဝ(မိတ္ထီလာ) - နေပြည်တော် - တောင်ငူဓာတ်အားလိုင်းနှင့် ရွှေတောင်-မြောင်းတကာ ဓာတ်အားလိုင်းတို့အတွက် လိုအပ်သော ဓာတ်အားလိုင်းပစ္စည်းများ၊ မင်းလှ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊သပြေဝ၊နေပြည်တော်၊ တောင်ငူ ဓာတ်အားခွဲရုံများတိုးချဲ့တည်ဆောက်ခြင်း၊ လှော်ကား၊ သာစည်၊ တောင်ငူနှင့် တံခွန်တိုင် ပင်မဓာတ်အားခွဲရုံတို့အတွက် လိုအပ်သော ဓာတ်အားခွဲရုံ ပစ္စည်းများဝယ်ယူရန်အတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန်   မတ်   ၄

၂၀၁၁ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ဧရာဝတီ ရေတပ်စခန်းဌာနချုပ်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူး ဗိုလ်မှူးကြီးထွန်းလွင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့ရှိ တပ်မတော် (ရေ)မှ အရာရှိကြီးများ၊ အရာရှိ စစ်သည်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ဖိတ်ကြားထားသည့် ဧည့်သည်များ၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအပြီးတွင် ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုကို ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းက ဆွတ်ခူးရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်းဆုရ ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်ဖက်သော မိဘများအား ရည်စူး၍ ဘောဂသိဒ္ဓိလမ်း(၂)ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ ဦးထွန်းဦး-ဒေါ်ခင်သီသီ မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသည့် သံဃာဆေးကုသဆောင်သစ်ကြီး၏ အခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၄ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။ (သတင်းစဉ်)

‘ကြိုးကြာတောင်ပံခတ်သံ’ ရုပ်ရှင်ဇာတ်ကား ပြန်လည်ပြသ

ရန်ကုန်   မတ်   ၄

လက်ာရည်ကျော်၏ဝတ္ထုကို မြင့်ဦးဦးမြင့် ဇာတ်ညွှန်းရေးသားကာ ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင် ခံစားတင်ပြသည့် “ကြိုးကြာတောင်ပံခတ်သံ” ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ ရုပ်ရှင်ရုံများ၌ ယနေ့မှစ၍ တစ်ပြိုင်တည်း ပြန်လည်ပြသသည်။

ကြိုးကြာတောင်ပံခတ်သံ ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကိုတွေ့ရစဉ်။ (သတင်းစဉ်)

“ကြိုးကြာတောင်ပံခတ်သံ” ရုပ်ရှင်ဇာတ်ကားမှာ ၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုနှင့် အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆု နှစ်ဆုရ ဇာတ်ကားဖြစ်ပြီး အကယ်ဒမီ နေတိုး၊ ကျော်ကျော်ဗို၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ ဝိုင်းစုခိုင်သိန်း၊ မိုးယုစံ စသည့် ရုပ်ရှင်သရုပ်ဆောင်များနှင့် ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများ ပါဝင်သရုပ်ဆောင်ထားကြသည်။

အကယ်ဒမီဆုရဇာတ်ကား တစ်ကျော့ပြန် ပြန်လည်ပြသရာ၌ မတ် ၅ ရက် မွန်းတည့် ၁၂ နာရီတွင် သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ လည်းကောင်း၊ ညနေ ၃ နာရီတွင် Junction Cineplex (Maw Tin)၌ လည်းကောင်း အဆိုပါ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင်များက ပရိသတ်နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး အမှတ်တရ လက်မှတ်ရေးထိုးပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် အိမ်ရာနှင့် အဆောက်အအုံပြပွဲတွင် AUX လေအေးပေးစက်များပြသ

ရန်ကုန်   မတ်   ၄

AUX လေအေးပေးစက်များကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၃ ရက်မှ ၆ ရက်အထိ ကျင်းပလျက်ရှိသည့် ၂၀၁၁ ခုနှစ် အိမ်ရာနှင့် အဆောက်အအုံပြပွဲတွင် ပါဝင် ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။

AUX လေအေးပေးစက်များသည် စွမ်းအင်ချွေတာသည့် Dual Rotor Compressor ပါဝင်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစေကြောင်း၊ အရည်အသွေးမြင့် ပစ္စည်းများ အသုံးပြုထားသော်လည်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ကြကြောင်း၊ ထို့အပြင် Auto Restart System ပါရှိခြင်း၊ အအေးနှုန်းလျင်မြန်ခြင်း၊ အအေးဧရိယာ ပိုမိုကျယ်ပြန့်ခြင်း၊ Digital Display ပါရှိခြင်း၊ 4 Way System Air-Flow ပါရှိခြင်း၊ Japanese Branded Compressor and Circuit အသုံးပြုထားခြင်း၊ အရည်အသွေးမြင့် ပစ္စည်းများကိုသာ အသုံးပြုထားသည့်အတွက် Long Time Quality ဖြစ်ခြင်း စသည့်အချက်များကြောင့် သုံးစွဲသူများ၏ ကြိုက်နှစ်သက်ခြင်းကို အထူးရရှိလျက်ရှိကြောင်း သိရသည်။

အရည်အသွေးမြင့်မားပြီး မြန်မာပြည်တွင် ပထမဦးဆုံး လေးနှစ်အာမခံပေးထားသော AUX လေအေးပေးစက်များကို 5% Discount ပေးလျက်ရှိကြောင်း သိရသည်။

AUX အမှတ်တံဆိပ်လေအေးပေးစက်များအား လေ့လာခြင်း၊ ဝယ်ယူအားပေးခြင်းတို့ကို အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ကြီးများနှင့် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သည့် United Asia Co., Ltd. အမှတ်(၂၂၅) အနော်ရထာလမ်း (၁၁)လမ်းထိပ်နှင့် လှည်းတန်းလမ်းကြား လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၀၈၃၄၊၂၁၈၀၂၁ နှင့် Fax: ၀၀၉၅-၁-၂၂၈၃၈၄ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သိရသည်။ (သတင်းစဉ်)

BCB Centre မှ သင်တန်းများဖွင့်မည်

ရန်ကုန်   မတ်   ၄

MBA ဘွဲ့ရ စီးပွားရေးလုပ်ငန်းရှင်များ ဖွဲ့စည်းထားသော Myanmar Business Executives Network မှ ဖွင့်လှစ်ထားသည့် Business Capacity Building (BCB) Centre တွင် သင်တန်းများကို မတ်လအတွင်း ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်သည်။

လူငယ်များအတွက် မိမိကိုယ်မိမိ ယုံကြည်မှုရှိစေရန်နှင့် စွမ်းရည်မြင့်မားမှုရှိစေရန်အတွက် Confidence Building Program သင်တန်းကို အခြေခံပညာ အထက်တန်းသို့ တက်ရောက်နေသူများ၊ ဖြေဆိုထားသူများနှင့် အောင်မြင်ထားသူများ၊ ဘွဲ့ကြိုသင်တန်း တက်ရောက်နေသူများအတွက် ရည်ရွယ်ကာ ဖွင့်လှစ်ထားကြောင်း၊ သင်တန်းတွင် အကြောင်းအရာ ၁၁ ခု ပါဝင်ပို့ချမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် လူမှုဆက်ဆံရေး နယ်ပယ်တွင် လူအများနှင့် ပြောဆိုဆက်ဆံတတ်စေရန်နှင့် ပေါင်းသင်းဆက်ဆံရေးပိုမိုကောင်းမွန်တတ်စေရန်အတွက် Effective Communication & Presentation Skills Course ကို လည်းကောင်း၊ အင်္ဂလိပ်စာစွမ်းရည် မြင့်မားစေရန်အတွက် Effective English Four Skills for Youth ကို လည်းကောင်း၊ ကွန်ပျူတာကို ကျွမ်းကျင်စွာ အသုံးပြုတတ်စေရန် Computer Application Course ကို လည်းကောင်း၊ Supervisory Level မှ Managerial Level စီမံခန့်ခွဲမှုအဆင့်ရှိ လူငယ်များအတွက် ရည်ရွယ်၍ Organizational Culture & Leadership Skills Course ကို လည်းကောင်း၊ Business Management Course-Part I ကို လည်းကောင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရှိရသည်။

Business Management Course - Part I တွင် Principles of Management, Framework of Business Management, Entrepreneurship & SME Management, Marketing Management, Account Knowledge for Managers နှင့် Productions & Operations Management တို့ကို ဘာသာရပ်ဆိုင်ရာ အတွေ့အကြုံရှိသော ဆရာ၊ ဆရာမများက သင်ကြားပို့ချမည်ဖြစ်ပြီး ထိုသင်တန်းတက်ရောက်သူများအနေဖြင့် Business Plan ကို ရေးဆွဲတတ်လာမည်ဟု သိရှိရသည်။

အသေးစိတ်သိရှိလိုပါက အခန်း(၃၀၆) နှင့် အခန်း(၄၀၅) ပန်းခြံတာဝါ အမှတ် (၈) ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၅၃၁ နှင့် ၅၃၈၅၁၇၊ E-mail: bcbcentre 009 @ gmail.com နှင့် bcbcentre @ mptmail. com.mm တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၉ ရက်က ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ ဒေါ်အိငွေ ဦးဆောင်သော မြို့မဈေးကြီး ဈေးသူဈေးသားများစုပေါင်း၍ ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာသို့ နဝကမ္မ အလှူငွေကျပ် သုံးသိန်းငါးသောင်းကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးမောင်မောင်သန်းနှင့် ဒုတိယ ဥက္ကဋ္ဌ ဦးပေါ်စိန်တို့ လက်ခံရယူစဉ်။
(၁၃၅)

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ကမာကဆစ်အနောက် ကျောင်းတိုက်ခန်းမဆောင်၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ဝင်း အဖွင့်အမှာစကားပြောကြားစဉ်။ (၅၆၉)

၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၄

၂၀၁၁ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် အစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ တတိယအကြိမ် အစည်းအဝေးသို့ ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ ပြပွဲကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ပြပွဲကျင်းပရေးဗဟိုကော်မတီအတွင်းရေးမှူးနှင့် ဗဟိုကော်မတီဝင်များ၊ ပြပွဲဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ နာယက ဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ပြပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ စီမံဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြပွဲဆပ်ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းမှတာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက ဝန်ကြီး ဦးအုန်းမြင့်က ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၂၀၁၁ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၀ ရက်မှ ၂၂ ရက်အထိ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး အတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမား များအား တိုင်းရင်းသားပြည်သူတို့နှင့် အတူ လက်တွဲချေမှုန်း ရေး။
- ☆ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော်တည်ဆောက်ရေး။

News Watch (စောင့်ကြည့်)သတင်းဂျာနယ် အတွဲ(၆) အမှတ်(၃၄)ထွက်ရှိ

ရန်ကုန် မတ် ၄

ကားစတစ်ကာ ရောင်းသည့်ဆိုင်နှင့် ကပ်ပေးသည့်ဆိုင်များကို သတိပေးတားမြစ်၊ တန်ပိုကုန်တင်ယာဉ် ဖမ်းမိကတင်ပေးသည့်ကားဂိတ်ကိုပါ အရေးယူမည်၊ ဒီဇယ်ဈေးတက်သော်လည်း ကုန်စည်ပို့ဆောင်ခ မတက်ပါ၊ ကျပ်ငါးသိန်းတန်ဖုန်း GSM Toup ကတ်များ ခြောက်လသာ သက်တမ်းခံ၊ မြန်မာ့အထည်ချုပ်လုပ်ငန်းမှ အထည်များ ဂျပန်သို့ အများဆုံးတင်ပို့၊ ငါးသလောက်များ မျိုးမသုဉ်းအောင် ရခိုင်ကမ်းရိုးတန်းမှာ ဆောင်ရွက်၊ မေလအတွင်း ကိုရီးယားသို့ သိပ္ပံလေ့လာရေးခရီးသွားကြမည်၊ စာနယ်ဇင်းလောကရဲ့အနာဂတ်ဘာတွေဖြစ်လာမလဲ ဆရာလူထုစိန်ဝင်းပြောကြား၊ ဆရာပါရဂူရေးသည့် စာရေးဆရာ မောင်နေဝင်းအကြောင်း၊ အသစ်ဆောက် ကွန်ဒိုတိုက်ခန်းများ သိန်းနှစ်ထောင်ဝန်းကျင်ဈေးခေါ်နေ၊ နာတာလီပေါ့မင်းနှင့် ကောလင်းဖတ်တို့ အော်စကာဆု ထိပ်တန်းဆုများရရှိ၊ မြန်မာပရိသတ်နှင့် စိမ်းနေသေးသည့် နာမည်ကြီးသရုပ်ဆောင် မင်တောက် (Ming Dao)၊ တိမ်မြုပ်ပျောက်ကွယ်စပြုသည့် မြန်မာအငြိမ့်နှင့်ပတ်သက်သော လူရွှင်တော် ဦးဆန်နီ၏စကား၊ ၂၅မိနစ်ကြာ အသက်ရှုရပ်ပြီးမှ ပြန်အသက်ရှင်လာသူ၊ တစ်နပ်စားကြံသည့် စီးပွားရေးသမားမှာ အနာဂတ်မရှိ--- စသည့် ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ News Watch (စောင့်ကြည့်) သတင်းဂျာနယ် အတွဲ(၆)၊ အမှတ် (၃၄)ထွက်ရှိပြီဖြစ်သည်။ (သတင်းစဉ်)

လူမှုဒုက္ခ ဝေးလိုက စဉ်ပမီးဘေး ကာကွယ်ပေး

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အခြေခံအင်္ဂလိပ်စာ သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၄

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အခြေခံ အင်္ဂလိပ်စာ သင်တန်းအမှတ်စဉ်(၁/၂၀၁၁)သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်က သင်တန်းသူ သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

အဆိုပါသင်တန်းကို ဝန်ထမ်းများ အနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ကိစ္စများ ဆောင်ရွက်ရာ၌ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု တိုးတက်စေရန် ရည်ရွယ်၍ လုပ်ငန်းခွင်မပျက် ဖွင့်လှစ်ပို့ချခြင်းဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် အလုပ်သမား ဝန်ကြီးဌာန အလုပ်သမားရေးရာ အခြေခံအင်္ဂလိပ်စာသင်တန်း အမှတ်စဉ်(၁/၂၀၁၁) တွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၃-၂၀၁၁ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	“မီးပွတ်ယောက်ျားပမာ နိဗ္ဗာန်ရှာ” တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၃၃)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်” (အပိုင်း-၁၅၀)**
၈း၄၀	ရန်ကုန်မြို့တွင်ပထမအကြိမ် ကျင်းပသော ဓမ္မာနုဓမ္မမဟာဒွါရ နိကာယသာသနဝေပုလ္လစာမေးပွဲကြီးနှင့် စာအောင်ဆုနှင်းသဘင်
၈း၅၅	အသိပညာအလင်းပေးမယ့် Eternal Light မဂ္ဂဇင်း
၉း၁၀	ဘဝအတွက်အားထားရာ EAC
၉း၃၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၀၀	ကောင်းသန့်စာကြည့်တိုက်၏ (၁၀)နှစ်ပြည့်အခမ်းအနား
၁၀း၁၅	ရန်ကုန်မြင်ကွင်းကျယ် (Changhong Electronic ၏ အရောင်းကိုယ်စားလှယ်ကြီးများကို နှစ်ပတ်လည်ဂုဏ်ပြုချီးမြှင့်ခြင်းနှင့်အရောင်းမြှင့်တင်ရေး အခမ်းအနား)
၁၀း၃၅	သွားမယ်စားမယ် (Main Restaurant)
၁၀း၅၅	Sports Diary
၁၁း၂၅	ဟိုတယ်လမ်းညွှန် (Rupar Mandalar)
၁၁း၅၅	Activities In The City [မအူပင်စက်မှုလက်မှုသိပ္ပံ ကောလိပ်နှင့် တက္ကသိုလ်မှ ၁၉၉၁-၂၀၀၆ ခုနှစ် မြတ်ဆရာပူဇော်ပွဲ]
၁၂း၂၀	သူတို့ပြောတဲ့သူတို့အကြောင်း (သုံးထပ်ကွမ်းအကယ်ဒမီ ခင်သီတာထွန်းနှင့်တွေ့ဆုံခြင်း)
၁း၀၀	“မီးပွတ်ယောက်ျားပမာ နိဗ္ဗာန်ရှာ” တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	VJ Choice
၃း၀၀	NAS/ICEF Agency ၏ ပညာရေးဝန်ဆောင်မှု
၃း၁၀	ခရီးပျော်တို့လမ်းညွှန်ရာ (ပုဂံခရီးစဉ်) (အပိုင်း-၁)
၃း၄၅	(၁၁)ကြိမ်မြောက်ပြုလုပ်တဲ့ ရန်ကုန်တက္ကသိုလ်အင်္ဂလိပ်စာ မိသားစုရဲ့အာစရိယပူဇော်ပွဲ
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်” (အပိုင်း-၁၅၀)**
၄း၅၀	မိသားစုများသိသင့်သော လေဖြတ်ခြင်းဆိုင်ရာ ကျန်းမာရေးဗဟုသုတများ (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ အကယ်ဒမီလူမင်း+ ခင်စပယ်ဦး၊ R ဇာနည် + ဝမ်း)
၅း၂၀	မကွေးမြို့ရဲ့တိုးတက်မှုပုံရိပ်တစ်ခု ကောင်းမွန်အထူးကုဆေးရုံကြီး
၅း၃၀	ဂဏန်းသင်္ချာပျော်စရာ (အပိုင်း-၂)
၆း၀၀	MRTV-4 သတင်း
၆း၂၀	Movie Talk (ဦးကြည်စိုးထွန်း၊ ဦးသိုက်စိုး) (အပိုင်း-၃)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၃၄)**
၇း၃၀	ဖက်ရှင်လမ်းညွှန် (Aroma ရဲ့ 2011 Wedding Dress)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Kid's Show (ရွှေပြည်နန်းကလေးသရုပ်ဆောင်ပြိုင်ပွဲ)
၉း၂၅	Barclays Premier League (Newcastle Vs Everton)
၁၁း၂၅	နုယဉ်ဆန်းထွင်သစ်သီးအလှဆင် (အရံဟင်းလျာအလှဆင်နည်း)
၁၁း၅၅	Barclays Premier League (Man City Vs Wigan)
၁း၅၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **“အရိပ်စစ်” (အပိုင်း-၁၅၁)**
၂း၃၅	သီးနှံစိုက်ပျိုးအထွက်တိုး “မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ”
၂း၄၅	ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့ (ငှက်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ) (ဒါရိုက်တာ-ကိုရွှေမိုးသက်)
၂း၅၀	စွဲမက်ဖွယ်ရာရွှေတောင် ဒေသထွက်အစားအစာ
၂း၅၅	စကားဝါမြေ၏ အိုအေစစ် (Popa Mountain Resort)
၃း၁၅	မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်း
၃း၃၀	World of Knowledge (Air Crash Investigation Fatal Fix)
၄း၂၀	ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှ တန်ခိုးကြီးစေတီများ
၄း၃၀	လက်မှုပညာ၏ဆန်းသစ်သော ဖန်တီးမှုနှင့်. . .
၄း၄၀	ပဒုမ္မာကြာနွယ်ရိုးမှသည်. . .
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League **ဘောလုံးပွဲစဉ်များ**

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၇း၁၀	Birmingham	-	West Bromwich	ESPN (Live)
၉း၂၅	Arsenal	-	Sunderland	ESPN (Live)
	Newcastle	-	Everton	STAR SPORTS (Live)
၁၁း၅၅	Man City	-	Wigan	ESPN (Live)
	Fulham	-	Blackbum	STAR SPORTS (SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ရခိုင်သဟာယအသင်း(ရန်ကုန်) မိတ်ဆုံအပန်းဖြေသင်္ဘောခရီးထွက်မည်

ရန်ကုန် မတ် ၄

ရခိုင်သဟာယအသင်း(ရန်ကုန်)က ဒေသန္တရလေ့လာရေးနှင့် အပန်းဖြေနေ့ချင်းပြန်ခရီးစဉ်ကို မတ် ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီခွဲတွင် ပြည်တွင်းရေကြောင်းပိုင် နှစ်ထပ်သင်္ဘောကြီးဖြင့် လမ်းသစ်ဆိပ်ခံဘောတံတားမှ ကျိုက်လတ်မြို့သို့ ထွက်ခွာမည်ဖြစ်သည်။

သင်္ဘောပေါ်တွင် ဖျော်ဖြေရေးအစီအစဉ်များပါရှိပြီး ရခိုင်ရိုးရာ စားသောက်ဖွယ်ရာများကို ရောင်းချပေးမည်ဖြစ်ရာ ခရီးစဉ်တွင် လိုက်ပါလိုသူ ရခိုင်နွယ်ဖွားများနှင့် မိတ်ဆွေအပေါင်းအသင်းများသည် ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးမျိုးဆွေ ဖုန်း -၀၉-၅၀၀၁၁၈၀၊ ဦးစိုးမြင့် (ခ) အဏ္ဏဝါစိုးမိုး ဖုန်း -၀၉-၅၁၆၆၄၁၂၊ ဦးထွန်းနိုင် ဖုန်း -၀၉-၈၅၁၀၄၀၀၊ ဦးဦးမြင့်ကျော် ဖုန်း -၀၉-၅၀၆၄၆၅၃၊ ဦးလှမောင်သိန်း ဖုန်း -၀၉-၅၁၃၉၇၉၀၊ ဦးသာမြကျော် ဖုန်း -၀၉-၅၁၅၅၄၁၉၊ ဦးကျော်မောင် ဖုန်း -၀၉-၅၀၇၂၉၈၉၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၁၀၄၉၀၁၊ ဦးကျော်နိုင် ဖုန်း -၀၉-၅၀၆၁၈၈၄၊ ဒေါ်ခင်လှမြိုင် ဖုန်း -၀၉-၅၀၃၉၂၅၅၊ ဒေါ်စန်းစန်းအေး ဖုန်း -၀၉-၅၀၅၈၁၃၆နှင့် ရုံးဖုန်း -၄၃၀၁၇၂တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ကာကွယ်ရေးအသုံးစရိတ် ၂၀၁၁ ခုနှစ်အတွင်း ၁၂ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာ

ပေကျင်း မတ် ၄

တရုတ်နိုင်ငံ၏ ၂၀၁၁ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်ကို ၁၂ ဒသမ ၇ ရာခိုင်နှုန်း(အမေရိကန် ဒေါ်လာ ၉၁ ဒသမ ၇ ဘီလီယံ)တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း တရုတ်အစိုးရ ပြောခွင့်ရှိပုဂ္ဂိုလ်တစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံ၏ စစ်အင်အားတည်ဆောက်မှုနှင့် ပတ်သက်၍ ဒေသတွင်းနိုင်ငံများက စိုးရိမ်မကင်းဖြစ်နေချိန်တွင် ကာကွယ်ရေးအသုံးစရိတ်ကို မြှင့်တင်သုံးစွဲမည့် ကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ကာကွယ်ရေးအသုံးစရိတ်ဆိုင်ရာ ကိန်းဂဏန်းများအား နှစ်စဉ်ကျင်းပမြဲ တရုတ်နိုင်ငံ၏ အမျိုးသား ပြည်သူ့ကွန်ဂရက် အစည်းအဝေးကို တင်သွင်းခဲ့သော အသုံးစရိတ်ဆိုင်ရာ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားကြောင်း သတင်းများ၌ ဖော်ပြသည်။

ကမ္ဘာပေါ်တွင် ဒုတိယမြောက်စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံအဖြစ်ရပ်တည်နေသည့် တရုတ်နိုင်ငံသည် ၎င်း၏ တစ်မျိုးသားလုံး အသုံးစရိတ်၏ ခြောက်ရာခိုင်နှုန်းကို ကာကွယ်ရေးအသုံးစရိတ်အဖြစ် လျာထားကြောင်း သိရသည်။

သို့ရာတွင် တရုတ်နိုင်ငံ၏ စစ်ရေးအသုံးစရိတ်မှာ ၂၀၁၁ ခုနှစ်၌ နှစ်ဆမျှမြင့်တက်ခဲ့ခြင်းဖြစ်ရာ အမေရိကန်ပြည်ထောင်စုနှင့် ဒေသတွင်းနိုင်ငံများက စိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)သည် ကမ္ဘာပေါ်တွင် အင်အားအကြီးဆုံး တပ်မတော်ဖြစ်ပြီး ၎င်း၏ ကာကွယ်ရေးစီမံကိန်းများကို လူသိရှင်ကြားထုတ်ဖော်လေ့မရှိဘဲ သိုသိုသိပ်သိပ် အကောင်အထည်ဖော်လေ့ရှိသည်။

သို့ရာတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ စစ်ဘက်ဆိုင်ရာအသွင်ပြောင်းလဲမှုများနှင့် စစ်ရေးလှုပ်ရှားမှုများသည် မိမိကိုယ်မိမိ ကာကွယ်ရေးအတွက်သာဖြစ်ကြောင်း တရုတ်အာဏာပိုင်တို့က ပြောကြားခဲ့ပြီးဖြစ်သည်။ **အေအက်ဖ်ပီ။**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်ကျန်းဒေသ၌ စစ်ရေးလေ့ကျင့်နေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တပ်ဖွဲ့ဝင်များ။

လူလိုက်ပါသည့် ရှန်ကျိုး-၅ အာကာသယာဉ် လွှတ်တင်ရေးအတွက် ပြင်ဆင်နေစဉ်။

ဒုံးပျံ ထုတ်လုပ်ရေးစခန်းသစ် တရုတ်နိုင်ငံ တည်ဆောက်ရန်စီစဉ်

ပေကျင်း မတ် ၄

လပေါ်သို့ လူလိုက်ပါသည့် အာကာသယာဉ်များ စေလွှတ်ရေး စီမံကိန်းအတွက် ဒုံးပျံများတည်ဆောက်မည့် အဆင့်မြင့်နည်းပညာသုံး ထုတ်လုပ်မှုဇုန်တစ်ခုကို တရုတ်နိုင်ငံက တည်ဆောက်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများက သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။

တီယန်ကျင်း ဆိပ်ကမ်းမြို့ မြောက်ဘက်တွင် တည်ဆောက်မည်ဖြစ်သော ဒုံးပျံတည်ဆောက်ရေးစခန်းတွင် စက်ရုံ ၂၂ ရုံပါရှိမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက ကမ္ဘာ့အကြီးဆုံး ဒုံးပျံပုံစံရေးဆွဲမှု၊ တည်ဆောက်ထုတ်လုပ်မှုနှင့် စမ်းသပ်မှုဆိုင်ရာ နေရာတစ်ခုဖြစ်လာမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ လောင်းမတ်ချ်-၄ နှင့် လောင်းမတ်ချ်-၅ ဒုံးပျံများကို ဧက ၅၀၀ ကျယ်ဝန်းသော ဒုံးပျံတည်ဆောက်ရေးစခန်းသစ်၌ ပုံစံထုတ်တည်ဆောက်မည်ဖြစ်ကြောင်း တရုတ်ဒုံးပျံနည်းပညာ အကယ်ဒမီ တာဝန်ရှိသူတစ်ဦး၏အဆိုကို ကိုးကား၍ သတင်းများတွင် ဖော်ပြထားသည်။

ဝန်အလေးချိန် ၂၅ တန် သယ်ဆောင်နိုင်မည့် လောင်းမတ်ချ်-၅ ဒုံးပျံသည် အမေရိကန်ပြည်ထောင်စု၏ ဒယ်လ်တာ-၄ အိတ်ချ်ဒုံးပျံများနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ လူလိုက်ပါသည့် အာကာသစီမံကိန်းများနှင့် လေ့လာစူးစမ်းရေး အစီအစဉ်များအတွက် ပုံထုတ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၁၆ ခုနှစ်ဝန်းကျင်၌ လူလိုက်ပါမည့် အာကာသစခန်းတစ်ခုကို ကမ္ဘာပတ်လမ်းကြောင်း၌ တည်ဆောက်နိုင်ရန်လည်း မျှော်လင့်ထားသည်။ **အေအက်ဖ်ပီ။**

တာလီဘန်ထိုးစစ် နွေဦးတွင် စတင်နိုင်ဖွယ်ရှိကြောင်း နေတိုးတပ်ဖွဲ့ မျှော်လင့်

ကဘူး မတ် ၄

လွန်ခဲ့သည့်နှစ်က အမေရိကန်တပ်ဖွဲ့များလက်တွင်း ကျရောက်ခဲ့ရသည့် အာဖဂန်နယ်မြေများ ပြန်လည်ရရှိရေးအတွက် စစ်ရေးလှုပ်ရှားမှုတစ်ရပ်ကို တာလီဘန်သောင်းကျန်းသူများက နွေဦးရာသီတွင် စတင်လာဖွယ်ရှိကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက မတ် ၄ ရက်တွင် ပြောကြားသည်။

မကြာမီစတင်ဖွယ်ရှိသည့် တာလီဘန်တို့၏ထိုးစစ်တွင် အာဖဂန်အစိုးရတပ်ဖွဲ့သို့မဟုတ် နေတိုးတပ်ဖွဲ့များနှင့် ပတ်သက်သူတို့ကို အသေခံဗုံးခွဲတိုက်ခိုက်ခြင်းကဲ့သို့သော နည်းလမ်းများလည်း ပါဝင်နိုင်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။

လူအသေအပျောက်များပြားမည့် တိုက်ခိုက်မှုများ ဖန်တီးရန်ကြိုးပမ်းနေသော အသေခံဗုံးခွဲသမားများဖြင့် တာလီဘန်တို့သည် ၎င်းတို့၏ထိုးစစ်ကို စတင်မည်ဖြစ်ကြောင်း အာဖဂန်စစ်မြေပြင်မှ အမေရိကန်စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အသစ်ဖွဲ့စည်းထားသော ကျေးရွာကာကွယ်ရေးတပ်ဖွဲ့များ၊ အာဖဂန်အစိုးရဘက်သို့ ခိုဝင်လာသော စစ်သွေးကြွဟောင်းများနှင့် ပြည်ပတပ်ဖွဲ့များကို ထောက်ခံသူများသည် တာလီဘန်တို့၏ ပစ်မှတ်ဖြစ်လာနိုင်ကြောင်း အာဖဂန်စစ်မြေပြင်မှ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များ၏ လက်ထောက်တပ်မှူး ဗိုလ်မှူးချုပ်ဒေးဗစ်အမ်ရိုဒရီဂွတ်ဇ်က ပြောကြားခဲ့သည်။

သို့ရာတွင် အာဖဂန်ပြည်သူအများစုသည် ၎င်းတို့၏ လက်ရှိအခြေအနေကို သံသယဝင်နေဆဲဖြစ်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။

ဆောင်းရာသီတွင် ကျဆင်းမြဲဖြစ်သော အကြမ်းဖက်တိုက်ခိုက်မှုများ ယခုနှစ်တွင် ကျဆင်းမှုမရှိခြင်းနှင့် အာဖဂန်အစိုးရအဖွဲ့အတွင်း ခြစားမှုများကြောင့် အစိုးရကို ပြည်သူ့ထောက်ခံမှု ကျဆင်းလျက်ရှိသည်။

လက်ရှိအခြေအနေအရ နွေဦးရာသီကျရောက်ချိန်အထိ တာလီဘန်များ စတင်လှုပ်ရှားလာမှုကို စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း အမေရိကန်တပ်မှူးများက ပြောကြားခဲ့သည်။ **အင်တာနက်။**

ဂလိုရီ ဂြိုဟ်တုလွှတ်တင်ရေးအတွက် ပြင်ဆင်နေသော နာဆာကျွမ်းကျင်သူများကို တွေ့ရစဉ်။

ဂျပန်အားထိန်းချုပ်ရန် ကူရိုင်းကျွန်း၌ စစ်ရေးတည်ဆောက်မှု ရုရှားပြုလုပ်မည်ဟုဆို

တိုကျို မတ် ၄

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးကျွန်း ကမ်းလွန်ရေပြင်ရှိ နှစ်နိုင်ငံပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသော ကျွန်းများပေါ်တွင် အဆင့်မြင့်နည်းပညာသုံး လက်နက်များ ဖြန့်ကြက်ထားခြင်းဖြင့် ဂျပန်နိုင်ငံကို ပိုမိုထိန်းချုပ်ထားနိုင်ရန် ရုရှားနိုင်ငံက လုပ်ဆောင်လျက်ရှိကြောင်း ကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူများအဆိုကို ကိုးကား၍ ဂျပန်နိုင်ငံထုတ် မိုင်နီချီ သတင်းစာက မတ် ၄ ရက်တွင် ရေးသားဖော်ပြသည်။

၎င်းတို့ ပိုင်ဆိုင်ခွင့်ရှိကြောင်း ဂျပန်နိုင်ငံက တောင်းဆိုထားသည့် ကျွန်းများတွင် အပါအဝင်ဖြစ်သော ကူရိုင်းကျွန်း၌ ယာခွန့်အမျိုးအစား သင်္ဘောဖျက်ဒုံးကျည်များနှင့် အဆင့်မြင့်နည်းပညာသုံး ဒုံးကျည်ကာကွယ်ရေးစနစ်များ ဖြန့်ကြက်မည်ဖြစ်ကြောင်း ရုရှားအင်တာဖက်စ်သတင်းဌာနက မတ် ၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ယင်းအပြင် ရုရှားနိုင်ငံသည် ပိုင်ဆိုင်ခွင့်အငြင်းပွား ကျွန်းတစ်ကျွန်းဖြစ်သော အီတိုရိုဖူကျွန်းတွင်လည်း တင့်ကားဖျက်လက်နက်များနှင့် ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များ တပ်ဆင်ထားပြီး ညစစ်ဆင်ရေးလုပ်ဆောင်နိုင်သည့် အမ်အိုင်-၂၈ တိုက်ခိုက်ရေး ရဟတ်ယာဉ်များ ဖြန့်ကြက်ရန်စီစဉ်ထားကြောင်း မိုင်နီချီသတင်းစာတွင် ဖော်ပြသည်။

တောင်ပိုင်း ကူရိုင်းကျွန်းစုဒေသ၌ စစ်အေးကာလအတွင်း ဆိုဗီယက်တပ်ဖွဲ့ဝင် ၁၀၀၀၀ ပတ်ဝန်းကျင် တပ်စွဲခဲ့ပြီး ယခုအချိန်တွင် ရုရှားတပ်ဖွဲ့ဝင် ၃၅၀၀ ခန့် တပ်စွဲထားသည်။

ဂျပန်နိုင်ငံ၌ စစ်လိုလားသူ နိုင်ငံရေးအင်အားစုများ အာဏာရယူနိုင်ဖွယ်မရှိခြင်းကြောင့် တောင်ပိုင်း ကူရိုင်းကျွန်းများ၌ ရုရှားနိုင်ငံ၏ စစ်ရေးတည်ဆောက်မှုသည် အဓိပ္ပာယ်မရှိကြောင်း အချို့သုံးသပ်သူများက ပြောကြားသည်။ **အင်တာနက်။**

ကူရိုင်းကျွန်းပေါ်ရှိ ရုရှားစစ်စခန်းများသို့ ရုရှားသမ္မတ မက်ဗီဒက် ဖေဖော်ဝါရီလက သွားရောက်ကြည့်ရှုစဉ်။

နာဆာ၏ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုသယ်ဆောင်ထားသောဒုံးပျံ သမုဒ္ဒရာအတွင်း ပျက်ကျခဲ့ဖွယ်ရှိ

ဝါရှင်တန် မတ် ၄

အမေရိကန်ပြည်ထောင်စု အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုကို သယ်ဆောင်ထားသောဒုံးပျံယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ မရောက်ဘဲ ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းသို့ ပျက်စီးကျရောက်ခဲ့ဖွယ်ရှိကြောင်း နာဆာအဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

နာဆာအဖွဲ့ပိုင် အမေရိကန်ဒေါ်လာ ၄၂၄ သန်းတန်သော ဂလိုရီအမည်ရှိ မြေကမ္ဘာလေ့လာရေး ဂြိုဟ်တုကို သယ်ဆောင်ထားသည့် တော့ရပ်စ် ၄၀ ဒုံးပျံကို ကာလီဖိုးနီးယားပြည်နယ် ဘင်ဒင်ဘတ်ဂ် လေတပ်အခြေစိုက်စခန်းမှ ယနေ့ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

နာဆာအဖွဲ့သည် လွန်ခဲ့သော နှစ်နှစ်ကလည်း အလားတူဂြိုဟ်တုလွှတ်တင်မှု အမှားတစ်ရပ်နှင့် ရင်ဆိုင်ခဲ့ရပြီး ထိုစဉ်က ကမ္ဘာကြီးပူနွေးလာမှုလေ့လာရေးဂြိုဟ်တုတစ်စင်း အန္တာတိကတိုက်အနီး သမုဒ္ဒရာထဲသို့ ပျက်ကျခဲ့ဖူးသည်။

ဂလိုရီမြေကမ္ဘာလေ့လာရေးဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းထဲသို့ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ပါက ကမ္ဘာမြေ၏ ရာသီဥတုအပေါ်အကျိုးသက်ရောက်မှုရှိသော အာကာသ ဖုန်မှုန့်များကို စောင့်ကြည့်လေ့လာနိုင်မည့်အပြင် ရာသီဥတုပြောင်းလဲမှုအပေါ် နေ၏ အကျိုးသက်ရောက်မှုကိုလေ့လာနိုင်ရန် နေမှဓာတ်ရောင်ခြည် ဖြာထွက်မှုကိုလည်း စုံစမ်းထောက်လှမ်းပေးမည်ဖြစ်သည်။ **အေပီ။**

၂၀၁၁ ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် မြားပစ်အားကစားအဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၄

၂၀၁၁ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှ ပတ်လည်မြားပစ်ပြိုင်ပွဲတွင် အောင်မြင်မှု ရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် မြားပစ်အားကစားအဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ ဖြစ်ကြသော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကို၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် နာယကအဖွဲ့ဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင့်ဆန်း၊ မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် ဖိတ်ကြားထားသူများ၊ ဂုဏ်ပြုခံမြားပစ်အားကစားသမားများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင့်ဆန်းက မြန်မာ့လက်ရွေးစင် မြားပစ်အသင်း အောင်မြင်မှုရရှိရေးအတွက် ကြိုးတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး သူရဦးအေးမြင့်က အုပ်ချုပ်သူ/နည်းပြအဖွဲ့အတွက် ဂုဏ်ပြုဆုငွေကျပ် ခြောက်သိန်း၊ အမျိုးသား Compound အသင်းလိုက် အမှတ်ပေးပြိုင်ပွဲနှင့် အသင်းလိုက် ရှုံး/ထွက်ပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ဆုရ ရဲမင်းဆွေ၊ ပိုင်မြတ်သူ၊ အောင်ခြိမ့်ဘော်တို့အား ရွှေတံဆိပ်တစ်ဆုစီအတွက် ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းစီ၊ အမျိုးသမီး Compound အသင်းလိုက် အမှတ်ပေးပြိုင်ပွဲနှင့် အသင်းလိုက်ရှုံး/ထွက် ပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ဆုရ အောင်ငှိမ်း၊ ယောစိမ်းယ၊ တင်ဇင်အိတို့အား ရွှေတံဆိပ်တစ်ဆုစီ အတွက် ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းစီ၊ အမျိုးသမီး Compound တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ဆုရ အောင်ငှိမ်းအား ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းနှင့် အမျိုးသမီး Compound တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ဆုအတွက် ဂုဏ်ပြုဆုငွေကျပ် နှစ်သိန်း၊ အမျိုးသား Compound တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲနှင့် တစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲတွင် ကြေးတံဆိပ် နှစ်ဆုရ ရဲမင်းဆွေအား ဂုဏ်ပြုဆုငွေ ကျပ် တစ်သိန်းစီ၊ အမျိုးသမီး Recurve တစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ဆုရ သင်းသင်းခိုင်အား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းနှင့် Compound Mix Team ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ဆုရ ရဲမင်းဆွေနှင့် အောင်ငှိမ်းတို့အား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီက စုစုပေါင်း ဂုဏ်ပြုဆုငွေကျပ် ၂၇ သိန်းကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးက ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်း၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဂုဏ်ပြုဆုငွေကျပ် ၃၃ သိန်း၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ACE ဆောက်လုပ်ရေးလုပ်ငန်းဥက္ကဋ္ဌ ဦးတင့်ဆန်းက ဂုဏ်ပြုဆုငွေကျပ် ၃၃ သိန်းနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ နေပြည်တော် FC ဘောလုံးအသင်းဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက ဂုဏ်ပြုဆုငွေကျပ် ၃၃ သိန်းတို့ကို ပေးအပ်ချီးမြှင့်ကြရာ စုစုပေါင်းငွေကျပ် ၁၃၆ သိန်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် နိုင်ငံ့ဂုဏ်ဆောင်မြန်မာ့လက်ရွေးစင် မြားပစ်အသင်းကိုယ်စား ရွှေတံဆိပ် သုံးခုရ မြားပစ်အားကစားမယ် အောင်ငှိမ်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရွှေမြန်မာအငြိမ့်ဖြင့် ဖျော်ဖြေဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၁ ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် မြားပစ်အားကစားအဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(အား/ကာ)

နိုင်ငံတကာအားကစားသတင်းများ

လီဗာပူးနှင့် မန်ယူ အန်ဖီးလ်မှာ ပြန်ဆုံကြပြီ

ပရီမီယာလိဂ်ပွဲစဉ်(၂၉)

ယခုတစ်ပတ်တွင် ကျင်းပမည့် ပရီမီယာလိဂ်ပွဲစဉ် (၂၉)၌ အသင်းကြီးများ၏ ထိပ်တိုက်တွေ့ဆုံမှုအနေဖြင့် အန်ဖီးလ်တွင် လီဗာပူးနှင့် မန်ယူတို့ ပြန်လည်တွေ့ဆုံမည်ဖြစ်ခြင်းကြောင့် ပရိသတ်အကြိုက်ဘောလုံးရသကို ပေးစွမ်းနိုင်ဦးမည်ဖြစ်သည်။

လီဗာပူး - မန်ယူ

ပထမအကျော့ အိုးထရက်ဖို့ဒ်တွင် ဆုံတွေ့ခဲ့စဉ်က လီဗာပူး၏ကစားပုံမှာ ကောင်းမွန်ခဲ့သော်လည်း မန်ယူကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးချက်နာခဲ့ရသည်။ လီဗာပူးနောက်တန်းတွင် မာတင်ကယ်လီ မပါဝင်နိုင်သော်လည်း တိုက်စစ်ပိုင်းတွင် ဆွာရက်ဇ်၊ ကာရိုးတို့ဖြင့် လူစုံလာမည်ဖြစ်သည်။ ဧည့်သည်မန်ယူအသင်းတွင် ဗဟိုခံစစ်ကစားသမား ဗီဒစ်မှာ ပွဲပယ်ပြစ်ဒဏ်ထိထားသည်။ သို့အတွက်ကြောင့် အိမ်ရှင်လီဗာပူး၏ တိုက်စစ်ကြောင်းကို ဟန့်တားရာတွင် မန်ယူအနေဖြင့် အားနည်းမှုများရှိလာနိုင်သည်။ သို့သော် မန်ယူတိုက်စစ်ကလည်း ဂိုးမြူးနေခြင်းကြောင့် အပြန်အလှန်ဂိုးသွင်းရင်း ပရိသတ်အကြိုက် ဘောလုံးရသကို ပေးစွမ်းလာဦးမည့် ပွဲတစ်ပွဲဖြစ်လာမည်ဖြစ်သည်။

မန်ယူနောက်တန်း၏ အဓိက အားထားရသော ကစားသမား စမောလင်း။

ဘလက်ပူးလ် - ချယ်လ်ဆီး

ဘလက်ပူးလ်နှင့် ချယ်လ်ဆီးဆိုသည်မှာ အစစအရာရာ ကွာဟမှုကြီးမားလွန်းလှသည်။ ပထမအကျော့က ချယ်လ်ဆီး လေးဂိုးပြတ် အနိုင်ရထားသည်။ သို့သော် ယခုတစ်ကြိမ်မှာ ဘလက်ပူးလ် ကွင်းတွင် ကစားရမည်ဖြစ်ခြင်းကြောင့် ဂိုးအများကြီးပြတ်ရန် မလွယ်ပေ။ ပေါင်သန်း ၅၀ တန် ရွှေခြေထောက်ပိုင်ရှင် ဖာနန်ဒိုတောရက်စ်၏ ချယ်လ်ဆီးအတွက် ပထမဦးဆုံး သွင်းယူမည့် ဂိုးမှာ ဤပွဲတွင် ဖြစ်လာနိုင်သည်။

လီဗာပူးတိုက်စစ်ကို အသက်သွင်းပေးမည့် ရာအူးလ်မီယာလစ်။

မန်စီးတီး-ဝီဂန်

မန်စီးတီးပွဲပန်းနေသည်။ သို့သော် ချယ်လ်ဆီးနှင့် စပါးတို့၏ ဖိအားပေးမှုကို ခံနေရခြင်းကြောင့် ယခုပွဲတွင် အမှတ်ပြည့်ရယူရန် ကြိုးပမ်းဦးမည်ဖြစ်သည်။ ဝီဂန်မှာ အမှတ်ပေးဇယား အောက်ခြေကို ရောက်နေ၍ ခြေကုန်ထုတ်ရုန်းလာမည် ဖြစ်သော်လည်း အရာထင်နိုင်မည်မဟုတ်ပေ။ မန်စီးတီး၏ အနိုင်ကိုသာ စောင့်ကြည့်ချင်သည်။

ပွဲစဉ်(၂၉)ပွဲစဉ်များ

၅-၃-၂၀၁၁ (စနေနေ့)

ည ၇း၁၅ နာရီ

ဘာမင်ဂမ် - ဝက်စ်ဘရွန်း

ည ၉း၃၀ နာရီ

အာဆင်နယ် - ဆန်းဒါးလန်း
ဘော်လ်တန် - ဗီလာ
ဖူလ်ဟမ် - ဘလက်ဘန်း
နယူးကာဆယ် - အဲဗာတန်
ဝက်စ်ဟမ်း - စတုတ်စီးတီး

ည ၁၂း၀၀ နာရီ

မန်စီးတီး - ဝီဂန်

၆-၃-၂၀၁၁ (တနင်္ဂနွေနေ့)

ည ၈း၀၀ နာရီ

လီဗာပူး - မန်ယူ

ည ၁၀း၃၀ နာရီ

ဝုလ်ဗာဟမ်တန် - စပါး

၈-၃-၂၀၁၁ (အင်္ဂါနေ့)

နံနက် ၂း၃၀ နာရီ

ဘလက်ပူးလ် - ချယ်လ်ဆီး

ဟန်သစ်

မြောက်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။**နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ အောင်လံမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။**မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြိတ်မြို့တွင် သုည ဒသမ ၉၄ လက်မနှင့် ထားဝယ်မြို့တွင် သုည ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင်အများအားဖြင့်သာယာနေသည်။

မတ် ၅ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မတ်လ ပထမ ရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။ ။ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာပြီး ရန်ကုန်တိုင်းဒေသကြီးတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကင်းသာ - ပင်လောင်းလမ်း၌ ထင်းကားတစ်စီး တိမ်းမှောက် ငါးဦးသေ၊ ၁၆ ဦး ဒဏ်ရာရရှိ

နေပြည်တော် မတ် ၄

ပျော်ဘွယ်မြို့ မြို့သစ်ရပ်ကွက်နေ ယာဉ်မောင်း မောင်မြင့်မောင်းနှင်သော ထင်းနှင့်ဝါးများ တင်ဆောင်ထားသည့် ခြောက်ဘီးယာဉ်သည် မတ် ၂ရက် ညနေ ၄နာရီခန့်တွင် ကင်းသာ-ပင်လောင်းလမ်းအတိုင်း မောင်းနှင်လာစဉ် ငါးမိုင်ချောင်းတံတားအရောက် ယာဘက်ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ငါးဦးသေဆုံးပြီး ၁၆ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအနက် ဒဏ်ရာပြင်းထန်သူ လေးဦးပါရှိကြောင်း၊ ဒဏ်ရာရလူနာများအား ဖေယျာသီရိမြို့နယ် ခုတင် (၅၀)ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ ယာဉ်မောင်းအား တပ်ကုန်းရဲစခန်းက အမှုဖွင့်ပြီး စစ်ဆေးလျက်ရှိကြောင်း၊ ယာဉ်မောင်းအချို့မှာ ယာဉ်မောင်းတတ်ရုံအဆင့်သာရှိပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု၊ နားလည်မှုမရှိကြကြောင်း၊ ယာဉ်ကြံ့ခိုင်ရေး စစ်ဆေးရန်လည်း အားနည်းသဖြင့် ယာဉ်ချို့ယွင်းမှုများဖြစ်ပေါ်ပြီး အရှိန်မထိန်းနိုင်ဖြစ်ရကြောင်း စသည်ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဝေဖန်ပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ချောင်းသာဇုန်) မှ အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ချောင်းသာဇုန်)က ဦးစီး၍ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅/၂၆/၂၇ ရက်တို့တွင် ချောင်းသာကမ်းခြေ၌ ကျင်းပခဲ့သော နီဗွာန်ဈေး၊ ပျော်ပွဲရွှင်ပွဲနှင့်ဈေးရောင်းပွဲတော်စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပပြီးစီးသည်အထိ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသော စစ်ဘက်၊ နယ်ဘက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအသီးသီးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ Sponsor ပေးကြသောကုမ္ပဏီများ၊ ဟိုတယ်ပိုင်ရှင်များ၊ မန်နေဂျာများနှင့် ဝန်ထမ်းများ၊ ပို့ဆောင်ရေးယာဉ်လိုင်းများ၊ ဒေသခံပြည်သူများ၊ ကမ်းခြေလာဧည့်သည်တော်များနှင့် အဘက်ဘက်မှဝိုင်းဝန်းကူညီကြသူအားလုံးသို့ အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ချောင်းသာဇုန် ပျော်ပွဲရွှင်ပွဲ ကျင်းပရေးဦးစီးကော်မတီ

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ (၆၃)နှစ်မြောက်သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးကို (၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်) ၂၇-၃-၂၀၁၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အကြံပြုလိုသော အချက်များရှိပါက ၂၃-၃-၂၀၁၁ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ စာဖြင့်ရေးသားပေးပို့နိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ပုပ္ပားလမ်း အမှတ်(၁၀၈၄)၊ မြေအကျယ်အဝန်း(ပေ ၄၀ × ပေ ၆၀)၊ (၂၄၀၀)စတုရန်းပေရှိ မြေချပါမစ် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော တစ်ထပ်တိုက် (R.C)၊ လျှပ်စစ်မီတာ၊ ရေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိလက်ဝယ် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စောမြသီတာသွင် မှတ်ပုံတင်အမှတ်[၁၂/ရကန(နိုင်)၀၀၀၆၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အကျိုးသက်ဆိုင်ခွင့်ရှိသည်ဟု ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ဤကြေညာသည့်ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းစိန်B.A.,R.L.,D.B.L
တရားရုံးချုပ်ရှေ့နေ(စဉ်-၆၆၇၁)
တိုက်အမှတ်(၂၄)၊ အခန်း G-၂၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ HP-0949315410

ကိတ္တိမမွေးစားသမီးဖြစ်ကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်ခင်မာလာ(ခ)ဒေါ်မာလာ[၁၂/ဒဂန(နိုင်)၀၂၂၁၉၆] သည် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂၅-၅-၂၀၀၀ ရက်စွဲပါ ကိတ္တိမမွေးစား စာချုပ်အမှတ်-၂၂၈၅/၂၀၀၀ စာချုပ်အရ ဒေါ်သန်းရီ[၁၂/ဒဂန(နိုင်)၀၁၀၁၁၆]၏ တရားဝင် အမွေစားအမွေခံကိတ္တိမ မွေးစားသမီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မာလာ(ခ)ဒေါ်မာလာ
ဒေါ်သန်းရီ၏ကိတ္တိမမွေးစားသမီး
အမှတ်(၂၁)၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

အမက (၁၀) ဒေါပုံ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးပွဲတွင် သူငယ်တန်းမှ ဒုတိယဆုရရှိသော မောင်မင်းခန့်ဖြိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာကြည် ဆုချီးမြှင့်စဉ်။

(ပညာရေး)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ပုဏ္ဏားကျွန်းမြို့နယ် ယိုးငူကျေးရွာ “လူငယ်အားမာန်” စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မြို့နယ်ဥက္ကဋ္ဌ ဦးစောထွန်းဦး၊ ရဲအုပ်တင်ကိုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်သိန်းထွန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ကြေးမုံ)

တပ်ကုန်းမြို့ရှိ ငွေတောင်တောရကျောင်းတိုက် ဂုဏဝိသိဋ္ဌ ပူဇော်ပွဲကျင်းပမည်

နေပြည်တော် မတ် ၄

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့ရှိ ငွေတောင်တောရကျောင်းတိုက် စတုတ္ထမြောက် ဦးစီးပဓာနနာယက ဘဒ္ဒန္တပညာသီရိအား အဘိဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရသည့်အတွက် ရပ်ဝေးရပ်နီးနေ ငွေတောင်တိုက်တာနွယ်ဖွား တပည့် သံဃာများနှင့် တပည့်ဒါယကာများက ပူဇော်ပွဲကို ၁၃၇၂ခုနှစ် တပေါင်းလဆန်း ၉ ရက် မတ် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးနေ တိုက်တာနွယ်ဖွား တပည့် သံဃာများနှင့် တပည့်ဒါယကာများသည် ပင့်စာ /ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လာရောက်ပူဇော်နိုင်ကြရန်နှင့် ငွေတောင်တောရ ကျောင်းတိုက် ဖုန်း-၀၆၇-၇၀၀၆၁၊ ၇၀၈၄၀နှင့် ၀၉-၄၉၂၃၇၃၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ပိုင်ဥက္ကာ၏ ကျွန်တော်နှင့် မနက်ဖြန်များ စာအုပ်ထုတ်ဝေ

ရန်ကုန် မတ် ၄

စာရေးဆရာ ရန်ပိုင်ဥက္ကာ ရေးသားသည့် ကျွန်တော်နှင့် မနက်ဖြန်များ စာအုပ်ကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။ ဤစာအုပ်တွင် မဂ္ဂဇင်းစာစောင်များတွင် ဖော်ပြပါရှိပြီးဖြစ်သည့် ဆောင်းပါး(၁၂)ပုဒ်ပါဝင်သည်။ စာရေးသူသည် တပ်မတော်အရာရှိ တစ်ဦးဘဝ၊ ထိုမှတစ်ဆင့် နယ်ဘက်ဆိုင်ရာ အရာရှိတစ်ဦး၏ဘဝ စသည်ဖြင့် နိုင်ငံ့တာဝန်များ ထမ်းဆောင်နေသူဖြစ်ပေရာ သူ၏အတွေ့အကြုံများကို စာဖတ်သူများအကျိုးရှိစေအောင် ဆောင်းပါးပုံသဏ္ဌာန်ဖြင့် ဖွဲ့ဆို ရေးသားပြုစုထားသည်။ လူ့ဘဝတွင် အသက်(၇၅)နှစ်အထိ အသက်ရှင်ရပ်တည်ရမည့် သူတစ်ဦးသည် ရက်ပေါင်း ၂၇၃၇၅ ရက်ကို ပိုင်ဆိုင်ပေရာ ယခု အသက်(၆၅)နှစ်ပြည့်ပြီးပါက နောက်ထပ် မနက်ဖြန်ပေါင်း ၃၆၅၀ သာ ကျန်ရှိတော့မည့်အကြောင်း၊ အချိန်ကာလတွေ လွန်စွာတိုလွန်းသဖြင့် မနက်ဖြန်အတွက် အကျိုးရှိအောင် နေထိုင်သင့်ကြကြောင်းကို ကျွန်တော်နှင့် မနက်ဖြန်များ ဆောင်းပါးတွင် ဖတ်ရှုရမည်ဖြစ်သကဲ့သို့ အခြားဆောင်းပါးများတွင်လည်း သင်ခန်းစာရယူဖွယ်ရာ၊ သတိသံဝေဂရဖွယ်ရာ အကြောင်းအရာများကို ရသမြောက်စွာရေးဖွဲ့ထားသည်။ ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) (၅၂၉-၅၃၂) ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) ရန်ကင်းကြေးအိုးဆိုင်နှင့် ရန်ကင်းဆရာ အတတ်သင်သိပ္ပံကြား သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ်

ဖုန်း-၇၂၅၅၃၀နှင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မော်လမြိုင်မြို့ ကျော်ကျော် စာပေတို့တွင်ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ အဖွဲ့ဝင်(၁၅)ဦးပါ လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်း

အမျိုးသားလွှတ်တော်က ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ပါက အမျိုးသားလွှတ်တော်သို့ တင်ပြနိုင်

နေပြည်တော် မတ် ၄

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ရောက်ရှိနေရာယူသည်။ ၎င်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂၂၃)ဦးရှိသည့်အနက် (၂၂၂)ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့်(၉၉ ဒသမ ၅၅)ရာခိုင်နှုန်းတက်ရောက်သဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ထားသော ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်ချိုနွယ်ဦးသည် မွေးဖွားစဉ်က ဖခင်ဖြစ်သူမှာ နိုင်ငံသားမဟုတ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကြောင်းကြားလာပါသဖြင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁(စ)အရ ဒေါ်ချိုနွယ်ဦးသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ပါသဖြင့် **စာမျက်နှာ ၅ ကော်လံ ၁ သို့◆**

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။ (သတင်းစဉ်)